# စနစ်ကျ ဓမ္မပညာကို တည်ဆောက်ခြင်း

သင်ခန်းစာ နှစ်

စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရများ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

အကျွမ်းဝင်ခြင်း........ 2

**အဓိပ္ပာယ်ဖွင့်ဆိုချက်........ 2**

**ဝေါဟာရများနှင့် သဘောအယူအဆများ........ 3**

ယေဘုယျဆန်သော ဘာသာစကား........ 3

ကျမ်းစာ ဘာသာစကား........ 5

**လိုအပ်မှု ........ 10**

ဝေါဟာရအများ / သဘောအယူအဆတစ်ခု........ 10

ဝေါဟာရတစ်ခု / သဘောအယူအဆအများ........ 11

**အခန်းကဏ္ဍ ........ 13**

ဖွဲ့စည်းတည်ဆောက်မှု ........ 15

**သမ္မာကျမ်း ဝေါဟာရများ........ 16**

ဝေါဟာရတစ်ခုကို အလေးပေးခြင်း ........ 16

အဓိပ္ပာယ်တစ်ခုကို အလေးပေးခြင်း........ 17

အဓိပ္ပာယ်သစ်များကို ဖန်တီးခြင်း ........ 19

**သမ္မာကျမ်းပြင်ပ ဘာသာစကား ........ 20**

အများသုံး ဝေါဟာရများ ........ 21

ဒဿနိကဆိုင်ရာ အသုံးအနှုန်း........ 22

တွဲဖက်ထားသော အသုံးအနှုန်း........ 24

ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ ........ 25

**ခရစ်ယာန်အသက်ရှင်ခြင်း........ 26**

အားပေးမြှင့်တင်မှု........ 27

အဟန့်အတားများ........ 29

**လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း ........ 30**

အားပေးမြှင့်တင်မှု........ 31

အဟန့်အတားများ........ 32

**သမ္မာကျမ်းစာ အနက်ဖွင့်ခြင်း........ 33**

အားပေးမြှင့်တင်မှု........ 35

အဟန့်အတားများ........ 36




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**နိဂုံး ....................................................................................................................... 38**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သက်မွေးလုပ်ငန်းအားလုံးလိုလိုမှ လူများ၊ လုပ်ငန်းအမျိုးအစားတိုင်းလိုလိုမှ အလုပ်သမားများအဖို့ သူတို့အချင်းချင်း ကိုယ်ပိုင်စကားပြောပုံစံများ ဖန်တီးထားလေ့ရှိကြောင်း သင်သတိပြုမိဖူးပါသလား။ သူတို့ပြောလိုသည်ကို အခြားမည်သူမျှ နားမလည်ချင်နေပါစေ၊ သူတို့အတွက် အထူးတလည်ဖြစ်သည့် စကားလုံးများ၊ စကားစုများကို သူတို့ ဖန်တီးထားတတ်ကြသည်။ ဆရာဝန်၊ ရှေ့နေ၊ ဝပ်ရှော့ဆရာ၊ လယ်သမား၊ ဆောက်လုပ်ရေးသမား၊ မည်သည့် လုပ်ငန်းဖြစ်ပါစေ၊ အချင်းချင်း သီးသန့်ဆန်သော၊ တခါတရံတွင် ပညာရပ်ဆန်သည်ဟုပင် ဆိုရလောက်သော စကားပြောနည်းများကို ဖန်တီးထားကြသည်။

ရှုထောင့်များစွာအရ စနစ်ကျဓမ္မပညာတွင် ဖြစ်နေသည်မှာလည်း အလားတူပုံစံ ဖြစ်သည်။ စနစ်ကျဓမ္မပညာရှင်တို့သည် သူတို့၏ ဓမ္မပညာအား သီးသန့်ဝေါဟာရများဖြင့် တည်ဆောက်ကြသည်။ ပညာရပ်ဆန်သော အသုံးအနှုန်းများဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုသည့် ကိုယ်ပိုင်ပုံစံများကို သူတို့ ဖန်တီးထားကြသည်။

ဤအရာသည် **စနစ်ကျဓမ္မပညာကို တည်ဆောက်ခြင်း** ဆိုသည့် ကျွန်ုပ်တို့၏ သင်ခန်းစာ စာစဉ်ထဲက **ဒုတိယမြောက်သင်ခန်းစာ** ဖြစ်ပြီး ဤအထဲတွင် ပရိုတက်စတင့်တို့ ဓမ္မပညာ မည်သို့ တည်ဆောက်သည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြမည်ဖြစ်သည်။ ဤသင်ခန်းစာအား "စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရများ" ဟု ကျွန်ုပ်တို့ ခေါင်းစဉ်တပ်ထားပြီး စနစ်ကျဓမ္မပညာရှင်တို့ သူတို့အလုပ်ကို ပြီးမြောက်အောင်လုပ်ရာ၌ သီးသန့်စကားလုံးများ နှင့် စကားစုများထံမှ အထောက်အကူရယူပုံ နည်းလမ်းအချို့ကို ဤသင်ခန်းစာထဲမှာ ကျွန်ုပ်တို့ လေ့လာကြပါမည်။

သင်ခန်းစာကို အဓိကအပိုင်းသုံးပိုင်းခွဲပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မပညာ၏ ပညာရပ် ဝေါဟာရများနှင့် ယေဘုယျ ရင်းနှီးကျွမ်းဝင်အောင် လုပ်ကြပါမည်။ အဆိုပါဝေါဟာရများမှာ အဘယ်နည်း။ ယင်းတို့သည် စနစ်ကျဓမ္မပညာအတွင်း မည်သည့်တာဝန် ထမ်းဆောင်ကြပါသနည်း။ ဒုတိယအားဖြင့် အကြောင်းအရာ ပြောဆိုပုံ သီးသန့်ပုံစံများအား စနစ်ကျဓမ္မပညာရှင်တို့က မည်သို့ တိုးတက်ချဲ့ထွင်လာခဲ့ကြသည်ဆိုသည့် ပညာရပ် ဝေါဟာရများ၏ ဖွံ့စည်းဖြစ်ပေါ်လာမှုကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ တတိယအားဖြင့် စနစ်ကျဓမ္မပညာရှိ ပညာရပ် ဝေါဟာရများ၏ ဆေးဖြစ်စေပုံနှင့် ဘေးဖြစ်စေပုံများ တနည်းအားဖြင့် စနစ်ကျဓမ္မပညာကို တည်ဆောက်ရန် ကျွန်ုပ်တို့၏ အားထုတ်ကြိုးပမ်းမှုများအား ယင်းတို့က အားပေးမြှင့်တင်ပုံ၊ ဟန့်တားပုံတို့ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမအားဖြင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများနှင့် အခြေခံ အကျွမ်းဝင်ခြင်းနှင့် အစပြုကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# အကျွမ်းဝင်ခြင်း

ဤခေါင်းစဉ်အပေါ် ကျယ်ပြန့်စွာ ရှုမြင်နိုင်ရန်အတွက် အရေးကိစ္စ လေးခုကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမအားဖြင့် ပညာရပ် ဝေါဟာရများအားဖြင့် ကျွန်ုပ်တို့ ဆိုလိုသည့် အဓိပ္ပာယ်ကို ကျွန်ုပ်တို့ သတ်မှတ်ကြပါမည်။ ဒုတိယအားဖြင့် ဓမ္မပညာဆိုင်ရာ **ဝေါဟာရများ နှင့်** ဓမ္မပညာဆိုင်ရာ **သဘောအယူအဆများ** ကြား ဆက်နွယ်မှုကို ကျွန်ုပ်တို့ ရှင်းပြကြပါမည်။ တတိယအားဖြင့် စနစ်ကျဓမ္မပညာအတွင်း ပညာရပ် ဝေါဟာရများ သုံးရန် **လိုအပ်မှု** အပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ စတုတ္ထအားဖြင့် စနစ်ကျဓမ္မပညာဖန်တီးမှု လုပ်ငန်းစဉ်အတွင်း ပညာရပ် ဝေါဟာရများ၏ **အခန်းကဏ္ဍ** ကို ကျွန်ုပ်တို့ ဖော်ပြကြပါမည်။ ပထမအားဖြင့် ပညာရပ် ဝေါဟာရများအားဖြင့် ကျွန်ုပ်တို့ ဘာကို **ဆိုလို** ကြောင်း ဦးစွာကြည့်ကြပါစို့။

# အဓိပ္ပာယ်ဖွင့်ဆိုချက်

စနစ်ကျဓမ္မပညာကို ကျွန်ုပ်တို့ အစပြုလေ့လာသည်နှင့် စနစ်ကျဓမ္မပညာရှင်တို့၏ ဝေါဟာရများကို ကျွန်ုပ်တို့သင်ယူရန် လိုကြောင်း မြန်မြန်ဆန်ဆန် ပေါ်လွင်လာသည်။ စနစ်ကျဓမ္မပညာရှင်တို့သည် ကျွန်ုပ်တို့ သာမန်အားဖြင့် မသုံးစွဲသော စကားလုံးများနှင့် စကားစုများကို မကြာခဏသုံးလေ့ရှိသည်။ နေ့စဉ်လူမှုဘဝ စကားလုံးများကို သူတို့သုံးချိန်မှာပင် ထိုစကားလုံးများကို ထူးခြားသည့်ပုံစံများဖြင့် မကြာခဏ သူတို့ သုံးတတ်သည်။ ကိစ္စရပ်များအကြောင်း အဆိုပါ သီးသန့်ပြောဆိုပုံများအား "ဓမ္မပညာ၏ ပညာရပ်ဝေါဟာရများ" ဟု မကြာခဏ ခေါ်ဆိုကြသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အရ ဓမ္မပညာ၏ ပညာရပ် ဝေါဟာရများအား "ဓမ္မပညာ၌ သီးသန့် အဓိပ္ပာယ်ဆောင်သည့် စကားရပ်များနှင့် စကားစုများ" ဟု ကျွန်ုပ်တို့ အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။

တခါတရံတွင် စနစ်ကျဓမ္မပညာရှင်တို့သည် အကြောင်းအရာ တစ်ခုကို နောက်တစ်ခုနှင့် ခွဲခြားရန် ပညာရပ် ဝေါဟာရများကို သုံးတတ်သည်။ သာဓကအားဖြင့် **"ဘုရားသခင်အကြောင်း သီးသန့် ဓမ္မဗေဒ"** ဆိုသည့် စကားစုသည် ဘုရားသခင်အကြောင်း သက်သက်ကိုသာ လေ့လာချက်ဖြစ်သည်။ ၎င်းသည် **ဘုရားသခင် မိမိဘာသာတည်ရှိနေတော်မူခြင်း၊** ကိုယ်တော်၏ **လက်လှမ်းမမီနိုင်အောင် ထူးကဲသာလွန်ခြင်း စသည်တို့အပေါ် စူးစိုက်ထားသည်။** ထိုအရာနှင့် ခြားနားစွာပင် **"ဓမ္မဗေဒ"** ဆိုသည့် ဝေါဟာရကိုယ်တိုင်သည် **ဘုရားသခင်နှင့် ဆက်နွယ်ပြီး ဆွေးနွေးသမျှ အရာရာ** တို့ကို ဖော်ညွှန်းပြီး **လူသားအကြောင်း၊ အပြစ်အကြောင်း နှင့် ကယ်တင်ခြင်းအကြောင်း** သွန်သင်ချက်များလို ပိုမိုယေဘုယျဆန်သည့် အတန်းအစားများလည်း ပါရှိသည်။

တခါတရံ၌ ရှုပ်ထွေးခက်ခဲသော အကြောင်းအရာများကို စကားလုံးတစ်ခု သို့မဟုတ် စကားစုတစ်ခုဖြင့် အလျဉ်းသင့်သလို အတိုကောက်ဖော်ပြပုံများကိုလည်း ပညာရပ် ဝေါဟာရတို့က ကိုယ်စားပြုကြပါသေးသည်။ သာဓကအားဖြင့် "သုံးပါးတစ်ဆူ" ဆိုသည့် ပညာရပ် ဝေါဟာရသည် တစ်ဆူတည်းသောဘုရားအကြောင်း အလွန် အသေးစိတ် ချဲ့ထွင် သွန်သင်ထားချက် အားလုံးကို

အလျင်အမြန် အကျဉ်းချုပ်ပေးနိုင်သည့် စကားလုံး တစ်လုံး ဖြစ်သည်။ ဓမ္မပညာဆိုင်ရာ ဆွေးနွေးမှု၌ "သုံးပါးတစ်ဆူ" သွန်သင်ချက်၏ အနှစ်သာရကို သုံးပါးတစ်ဆူဟု ရည်ညွှန်းဖော်ပြရုံလောက်က များစွာလွယ်ကူသည်။ မည်သို့ပင် ဆိုစေ ဓမ္မပညာ၏ ပညာရပ် ဝေါဟာရတို့သည် ဓမ္မပညာ၌ သီးသန့်အဓိပ္ပာယ်ဆောင်သော စကားရပ်များနှင့် စကားလုံးများ ဖြစ်ကြသည်။

ယခုတွင် ပညာရပ် စကားလုံးတို့၏ အခြေခံ သဘောတရားကို ကျွန်ုပ်တို့ ရပြီဖြစ်၍ ဝေါဟာရများနှင့် ယူဆချက်တို့ကြား ဆက်နွယ်မှု ဆိုသည့် နောက်ထပ် အရေးကိစ္စတစ်ခုဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ကျွန်ုပ်တို့ သုံးသော စကားလုံးများနှင့် အဆိုပါစကားလုံးတို့က ဖော်ဆောင်သော သဘောတရား သို့မဟုတ် အယူအဆတို့ကြား ဆက်စပ်မှုတို့မှာ အဘယ်နည်း။ ယင်းတို့ အချင်းချင်း မည်သို့ ကိုက်ညီမှု ရှိကြပါသနည်း။

# ဝေါဟာရများနှင့် သဘောအယူအဆများ

ဤအကြောင်းအရာအား ရှုထောင့်နှစ်ခုမှ ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမဦးစွာ **ယေဘုယျဆန်သော ဘာသာစကားအရ** ဝေါဟာရများနှင့် သဘောအယူအဆများအကြား ဆက်စပ်မှု ဖြစ်ပြီး ဒုတိယအားဖြင့် **ကျမ်းစာ ဘာသာစကားအရ** ဝေါဟာရများနှင့် သဘောအယူအဆများအကြား ဆက်စပ်မှုတို့ ဖြစ်ကြသည်။ ဝေါဟာရများနှင့် သဘောအယူအဆများ တစ်ခုနှင့်တစ်ခု ယေဘုယျသဘော ဆက်စပ်ပုံများကို ဦးစွာကြည့်ကြပါစို့။

## ယေဘုယျဆန်သော ဘာသာစကား

လူအများစုအား သူတို့စိတ်ထဲရှိကြသည့် သဘောအယူအဆတို့ကို စကားလုံးများက မည်သို့ ရှင်းပြကြောင်း သင်မေးမြန်းပါလျှင် သူတို့သုံးသောစကားလုံးတိုင်းမှာ လိုက်လျောညီထွေသည့် သဘောအယူအဆပါရှိနေကြောင်း သူတို့ဖြေဆိုဖွယ် ရှိပါလိမ့်မည်။ **ဝေါဟာရများနှင့် သဘောအယူအဆများ** အကြား စကားလုံး တစ်ခုနှင့် တစ်ခု တဲ့တိုးကျစွာ လိုက်လျောညီထွေမှု ရှိသည်ဟု လူအများစုက ထင်တတ်ကြသည်။

လူတို့ အဘယ်ကြောင့် ဤအတိုင်း ထင်မြင်တတ်သည်ကို သိမြင်ရန် မခက်ပါ။ မိဘတို့ပြောသည့် ဘာသာစကားကို သားသမီးတို့ သင်ယူပုံကို ကျွန်ုပ်တို့ စောင့်ကြည့်သည့်အခါ လူတို့၏ အမည်များ၊ အရာဝတ္ထုများ၊ ရိုးရှင်းသော အပြုအမူများနှင့် အမြဲတမ်း သူတို့ အစပြုလေ့ရှိသည်။ မိခင်တစ်ဦးက သူ့ကိုယ်သူညွှန်ပြပြီး "မာမီ" ဟု ဆိုပါလိမ့်မည် သို့မဟုတ် ပေါင်မုန့်တစ်ချပ်ကို ကိုင်ပြီး "မုန့်မုန့်" ဟု ဆိုပါလိမ့်မည်။ အချိန်ကုန်လွန်သည်နှင့်အမျှ သားသမီးများလည်း စကားလုံးများကို ပို၍ပို၍ သင်ယူလာကြပြီး ထိုစကားလုံးများအား သဘောအယူအဆများနှင့် ပို၍ပို၍ ဆက်စပ် တွဲဖက်လာကြသည်။ ဒုတိယဘာသာစကားကို သင်ယူနေသည့် အရွယ်ရောက်သူများကလည်း ဘာသာစကားတစ်ခုကို တစ်လုံးချင်း သင်ယူသည့်အခါ အလားတူ လုပ်ငန်းစဉ်ဖြင့် အမြဲလို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အစပြုကြရသည်။ အဆိုပါ အခြေခံအဆင့်များတွင် ဝေါဟာရတစ်ခုကို သဘောအယူအဆတစ်ခုဖြင့် ကျွန်ုပ်တို့ တွဲစပ်လေ့ရှိသည်မှာ မှန်ပါသည်။

သို့သော် ကျွန်ုပ်တို့ ခေတ္တနားပြီး ထိုအကြောင်းကို စဉ်းစားသည့်အခါ စကားလုံးများနှင့် သဘောအယူအဆများကြား ဆက်နွယ်မှုသည် များစွာပို၍ ရှုပ်ထွေးခက်ခဲသည်။ ရှုပ်ထွေးခက်ခဲမှု အချို့ကို ရိုးရှင်းသော ဖော်ပြချက်နှစ်ခုဖြင့် ကျွန်ုပ်တို့ အကျဉ်းချုပ်ပေးနိုင်ပါသည်။ တစ်ဖက်တွင် ဝေါဟာရများစွာက **သဘောအယူအဆ တစ်ခု** ကို ဖွင့်ဆိုပေးနိုင်သည်။ အခြားတစ်ဖက်တွင်လည်း **ဝေါဟာရတစ်ခု** သည် သဘောအယူအဆများစွာကို ဖွင့်ဆိုပေးနိုင်ပြန်သည်။ ဤအရေးအရာ၏ ဖက်နှစ်ဖက်လုံးကို ကြည့်ကြပါစို့။ ရှေးဦးစွာ ဝေါဟာရများစွာသည် **သဘောအယူအဆတစ်ခု** ကို ပေးနိုင်သည် ဆိုသည့် အချက်နှင့် စကြပါစို့။

သဘောအယူအဆတစ်ခုကို ဖော်ပြဖို့ ဝေါဟာရများစွာကို ကျွန်ုပ်တို့ သုံးတတ်ကြောင်း သိမြင်ရန်မှာ အမှန်စင်စစ် မခက်ခဲပါ။ သာဓကအားဖြင့် ကျွန်ုပ်မှာ ဘက်ကီဟု ခေါ်သည့် သမီးတစ်ဦး ရှိသည်။ တစ်ဦးဦးနှင့် စကားပြောရာ၌ သူမအား "ဘက်ကီ" ဟုငင်း၊ "ကျွန်တော့သမီး" ဟုငင်း၊ "ဝါရင်၏ ဇနီး" ဟုငင်း၊ "မဂ္ဂီတို့အမေ" ဟုငင်း၊ "လီလီတို့အမေ" "ကျွန်တော့်သွေးသား" "ကျွန်တော့် တစ်ဦးတည်းသောကလေး" စသည်ဖြင့် ရည်ညွှန်းနိုင်သည်။ ဝေါဟာရ စာရင်းသည် တိုးသည်ထက် တိုးလာနေသည်။ အခြေအနေတစ်ခုချင်းစီအတွက် ဝေါဟာရများမှာ သိမ်မွေ့သည့် ကွဲလွဲချက်များ ရှိကြသည်။ သို့သော် ယင်းတို့ရှိသမျှသည် ကျွန်ုပ်ဘဝထဲက ထိုသီးသန့်ပုဂ္ဂိုလ်၏ တူညီပြီး ခက်ခဲရှုပ်ထွေးသည့် သဘောအယူအဆကို ဖော်ပြသည်။

သာမန် ဘာသာစကားပြောဆိုမှု၌ အလားတူအဖြစ်မျိုး မကြာမကြာ ဖြစ်တတ်သည်။ သမုဒ္ဒရာတစ်ခုကို သင်ဖော်ပြနိုင်မည့် နည်းလမ်းရှိသမျှကို စဉ်းစားကြည့်ပါ။ နိုင်ငံတစ်ခုကို သင်ဖော်ပြနိုင်မည့် နည်းလမ်းရှိသမျှကို ဆင်ခြင်ကြည့်ပါ။ လောကီ ဘာသာစကားရှိသမျှတို့၌ ဝေါဟာရအများက တူညီသဘောအယူအဆတစ်ခုတည်းကို ဖော်ပြခြင်းသည် တွေ့နေကျကိစ္စ ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဝေါဟာရတစ်ခုက **သဘောအယူအဆများစွာ** ကို ဖော်ပြနိုင်သည်မှာလည်း အမှန်ပင် ဖြစ်ပြန်သည်။ ဤအချက်ကို သိမြင်ရန် သင့်မိခင်ဘာသာစကား ဝေါဟာရ အဘိဓာန်ကိုသာ ရှာကြည့်လိုက်ပါ။ အဘိဓာန်တစ်ခုထဲမှာ စာရင်းသွင်းချက်များစွာ ရှိနေခြင်းက စကားလုံးတစ်လုံး၌ အဓိပ္ပာယ်များစွာ ရှိကြောင်းပြသသည်။ ထို့အပြင် ဝေါဟာရတစ်ခုသည် ကွဲလွဲသော သဘောအယူအဆများစွာကို ဖော်ပြကြောင်း အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက် အမြောက်အများရှိနေခြင်းက ညွှန်ပြသည်။

နေ့စဉ်သုံးစကားများမှ သာဓကတစ်ခုမျှလောက်ကိုပဲ ကြည့်ကြပါစို့။ **"ဘား"** ဆိုသည့် အင်္ဂလိပ်စကားကို စဉ်းစားကြည့်ပါ။ ဤစကားလုံးသည် မတူညီသော အရာများစွာကို ဆိုလိုနိုင်သည်။ ၎င်းသည် **ထိုးဝါး** တစ်ချောင်း၊ ကျောက်တန်းတစ်ခု၊ **တားဆီးပိတ်ပင်ချက်** တစ်ရပ်၊ ပညာသည် ရှေ့နေများ အသင်း၊ အစားသောက်နှင့် အဖျော်ယမကာများ ထားရှိရာ ကောင်တာတစ်ခု စသည်ဖြင့် အခြားအရာများစွာကိုလည်း ဆိုလိုနိုင်သည်။ ၎င်းအားသုံးစွဲပုံပေါ်မူတည်၍ ဤစကားလုံးအပါအဝင် အခြားသော စကားလုံးများစွာတို့သည် ကွဲပြားသော သဘောအယူအဆများကို ဖော်ပြနိုင်ကြပေသည်။

သို့ဖြစ်လျှင် ယေဘုယျဆန်သော ဘာသာစကားအရ **ဝေါဟာရများနှင့် သဘောအယူအဆ** တို့အကြား စကားလုံးတစ်လုံးချင်းအလိုက် လိုက်လျောညီထွေခြင်းသည် အမြဲတစေရှိမနေပေ။ ထိုအစား ဝေါဟာရများစွာသည် သဘောအယူအဆတစ်ခုကို ဖော်ပြနိုင်သည်။ ထို့အတူ ဝေါဟာရတစ်ခုသည်လည်း သဘောအယူအဆများစွာကို ဖော်ပြနိုင်ပေသည်။

ယခုတွင် ယေဘုယျဆန်သော ဘာသာစကားအားဖြင့် ဝေါဟာရများနှင့် သဘောအယူအဆတို့ အချင်းချင်း ရှုပ်ထွေးခက်ခဲစွာ ဆက်နွယ်နေပုံများကို ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ **ကျမ်းစာဘာသာစကား** ၌ ယင်းတို့ ဆက်နွယ်နေပုံများဆီ ကျွန်ုပ်တို့လှည့်ကြပါမည်။ သမ္မာကျမ်းစာ ကိုင်တွယ်ရာ၌ စကားရပ်များနှင့် သဘောအယူအဆတို့ အချင်းချင်းမည်သို့ ဆက်စပ်နေကြပါသနည်း။ ကွဲပြားခြားနားသော အခြေအနေ ဖြစ်နေပါသလား။ သို့မဟုတ် အတူတူပဲလား။

## ကျမ်းစာ ဘာသာစကား

ကျမ်းစာအများစုကို သာမန် ဘာသာစကားဖြင့်ရေးသားခဲ့သည်မှာ အမှန်တရားပင် ဖြစ်သည်။ သို့ဖြစ်၍ သာမန် ဘာသာစကား၌ ဝေါဟာရအများသည် တူညီသော သဘောအယူအဆတစ်ခုတည်းကို ဖော်ပြနိုင်သလိုပင် ဝေါဟာရများစွာကလည်း သမ္မာကျမ်း ဘာသာစကား၌ တူညီသော သဘောအယူအဆတစ်ခုကို ဖော်ပြနိုင်သည်။ သာမန် ဘာသာစကား၌ ဝေါဟာရတစ်ခုက သဘောအယူအဆများစွာကို ဖော်ပြနိုင်သလိုပင် ကျမ်းစာဘာသာစကားမှာလည်း ဝေါဟာရတစ်ခုက သဘောအယူအဆများစွာကို ဖော်ပြနိုင်သည်။ ကျမ်းစာတွင် ဝေါဟာရများစွာက **သဘောအယူအဆတစ်ခု** ကို ဖော်ပြနိုင်သည် ဆိုသည့်အချက်နှင့် ဦးစွာ အစပြုကြပါစို့။

ဤဘာသာစကားသုံးစွဲမှုကို တွေ့မြင်ရန် လွယ်ကူသောနည်းတစ်ခုမှာ **ခရစ်ယာန် အသက်ရှင်ခြင်း** သဘောအယူအဆကို ဖော်ပြသော သမ္မာကျမ်းဝေါဟာရ ရှိသမျှကို လေ့လာခြင်း ဖြစ်သည်။ တစ်ယောက်သော စာရေးသူ၊ တမန်တော် ရှင်ပေါလု၏ ခရစ်ယာန် အသက်ရှင်ခြင်းကို ဖော်ပြသော နည်းလမ်းများစွာကို ခေတ္တအချိန်ယူ ဆင်ခြင်ကြည့်ကြပါစို့။ **သာကေ ၄း၃** ၌ ၎င်းအား **"သန့်ရှင်းခြင်း"** ဟု သူခေါ်ဆိုသည်။ ၁ကော ၄း၁၇ ၌ ၎င်းအား **"သစ္စာရှိခြင်း"** သူ ပြောဆိုသည်။ **ရောမ ၁၆း၁၉** ၌ ခရစ်ယာန် အသက်ရှင်ခြင်းအား **"နာခံခြင်း"** ဟု လည်း သူရည်ညွှန်းသည်။ ဂလာတိ ၅း၂၅ တွင် **"ဝိညာဉ်တော်၌ ကျင်လည်ခြင်း"** ဆိုသည့် စကားစုဖြင့် သူဖော်ပြသည်။ **ရောမ ၈း၂၉** ၌ **"ခရစ်တော်နှင့် သဏ္ဍာန်တူခြင်း"** အဖြစ် ဖော်ပြသလို **၂ကော ၃း၁၈** တွင် **"ပြောင်းလဲခြင်း"** ဟုလည်း ဆိုထားသည်။ အဆိုပါ သာဓကများအားလုံးထဲတွင် အခြေခံအားဖြင့် **"ခရစ်ယာန် အသက်ရှင်ခြင်း"** ဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့်အရာကို ရှင်ပေါလုက တူညီစွာ ပြောဆိုနေခြင်း ဖြစ်သည်။

အမျိုးစုံသောပုံစံများဖြင့် ရည်ညွှန်းဖော်ပြသည့် အခြားသော သဘောအယူအဆများစွာလည်း ကျမ်းစာထဲမှာ ရှိပါသေးသည်။ သာဓကအားဖြင့် ကျမ်းစာထဲ ယေရှုကို ရည်ညွှန်းသည့် အမည်ရှိသမျှကို ကြည့်ပါ။ **"ယေရှု"** သို့မဟုတ် **"နာဇရက်မြို့သား ယေရှု"** ဟု ရိုးရိုးခေါ်ဆိုရုံတွင်မက "ဘိသိက်ပေးခြင်းခံရသူ" ဟု ဆိုလိုသည့် ဟေဗြဲစကား မေရှိယကို ဂရိအသံထွက်ဖြင့် ဖလှယ်ထားသည့် **ခရစ်တော်** (ဂရိလို **ခရစ်စ်တို့စ်)** ဟုလည်း ယေဘုယျ ခေါ်ဆိုကြသည်။ **တမန်တော် ၁း၂၁** ၌

**"သခင်ဘုရား"** ဟုဒင်း၊ ၂ပေ ၁း၁၁၌ **"ကယ်တင်ရှင်"** ဟုဒင်း ခေါ် ရိုးခေါ်စဉ် ခေါ် ကြသေးသည်။ ထို့အပြင် **တိတု ၂း၁၃** တွင် ကိုယ်တော်အား **"ဘုရားသခင်"** ဟုဒင်း၊ **ယော ၁း၁** တွင် **"နှုတ်ကပတ်တော်"** ဟုဒင်း၊ **၁ကော ၅း၄၅** တွင် **"နောက်ဆုံးဖြစ်အာဒံ"** ဟုဒင်း၊ **လုကာ ၁း၃၅** တွင် **"ဘုရားသခင့် သားတော်"** ဟုဒင်း၊ **မဿဲ ၂၁း၉** တွင် **"ဒါဝိဒ်၏သားတော်"** ဟုဒင်း၊ **လုကာ ၁၉း၃၈ တွင် "ရှင်ဘုရင်"** ဟုဒင်း၊ **ကောလောသဲ ၁း၁၅ တွင် "ဝေနေယျသတ္တဝါအပေါင်းတို့တွင် သားဦး"** ဟုဒင်း၊ **၁တိမောသေ ၂း၅** တွင် **"အာမခံ"** ဟုဒင်း သမ္မာကျမ်းစာက **ခေါ်ဆိုထားသည်။** ဟုတ်ပါသည်။ အဆိုပါ ဝေါဟာရအားလုံး၌ သိမ်မွေ့သော ကွဲပြားမှုများ ရှိနေပါသည်။ သို့သော် သုံးပါးတစ်လုံးတစ်ဝဘုရားမှ ဒုတိယပုဂ္ဂိုလ် ကျွန်ုပ်တို့၏ အရှင်သခင်နှင့် ကယ်တင်ရှင် **ယေရှု** ခရစ်တော် တစ်ပါးတည်းကို ညွှန်ပြနေသော ဝေါဟာရအုပ်စုအဖြစ် ယင်းတို့ အချင်းချင်း ချိတ်ဆက်နေကြသည်။ ထို့ကြောင့် သာမန် ဘာသာစကားလိုပင် ကျမ်းစာကလည်း သဘောအယူအဆတစ်ခုကို ရည်ညွှန်းဖော်ပြရန် ဝေါဟာရအများအပြားကို အမြဲလို သုံးလေ့ရှိသည်။

အခြားတစ်ဖက်တွင်လည်း **ဝေါဟာရ တစ်ခုတည်း** ဖြင့် **သဘောအယူအဆအများအပြား** ကို ကျမ်းစာက ရည်ညွှန်းခြင်းမျိုးလည်း ရှိသည်။ တခါတရံ ယင်းတို့သည် သာမန် ဘာသာစကားနှင့် သဘောအယူအဆများဖြစ်ကြပြီး စနစ်ကျဓမ္မပညာ၌ များစွာ အရေးပါမှု မရှိလှပေ။ သို့သော် အဆိုပါသဘောအယူအဆတို့ စနစ်ကျဓမ္မပညာ အတွက် အလွန်အရေးပါသည့်အခါမျိုးတွင် မကြခဏဆိုသလို ကျမ်းစာက သဘောအယူအဆမျိုးစုံကို ဖော်ပြရန် ဝေါဟာရတစ်ခုတည်းကို ကျမ်းစာက သုံးတတ်သည်။ စနစ်ကျဓမ္မပညာထဲမှာ အဓိကနေရာယူသည့် ဝေါဟာရ နှစ်ခုကို ကြည့်ကြပါစို့။ ပထမအားဖြင့် **"ဖြောင့်မတ်ရာသို့ရောက်ခြင်း"** ဆိုသည့် ဝေါဟာရ နှင့် ဒုတိယအားဖြင့် **"သန့်ရှင်းခြင်း"** ဆိုသည့် ဝေါဟာရတို့ကို ကြည့်ကြပါစို့။

**"ဖြောင့်မတ်စေသည်""ဖြောင့်မတ်ရာသို့ရောက်သည်" "ဖြောင့် မတ်ရာသို့ရောက်ခြင်း"** စသည့် ဝေါဟာရများအဖြစ် ကျွန်ုပ်တို့ ပြန်ဆိုရာ ဓမ္မသစ် ဂရိ ကြိယာ **ဒီကိုင်ယိုအိုး dikaioō** နှင့် ဆက်နွယ်သည့် ဝေါဟာရမိသားစုကို လေ့လာမှုနှင့် စကြပါစို့။ ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်း ဓမ္မသစ်က များစွာပြောဆိုထားသော်လည်း ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အရ ကျမ်းပိုဒ် နှစ်ခုမျှလောက်ကိုသာ ကျွန်ုပ်တို့ စဉ်းစားကြပါမည်။

ပထမဦးစွာ ရောမ ၃း၂၈ တွင် ပေါလုက ဤသို့ရေးသားခဲ့သည်-

> ထို့ကြောင့် လူမည်သည်ကား ပညတ်တရား၏ အကျင့်မရှိဘဲယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ်သည်ဟု ယူရ၏ (ရောမ ၃း၂၈)။

ဤကျမ်းချက်အတွင်း "ဖြောင့်မတ်ရာသို့ရောက်သည်" ဆိုသော ဝေါဟာရသည် **ဒီကိုင်ယိုအိုး** မှ လာသည်။ ဤနေရာနှင့် အခြားကျမ်းပိုဒ်များစွာတို့တွင် **ဒီကိုင်ယိုအိုး** အား လူ့ကောင်းမှုသီလအလျင်းမပါရှိဘဲ **"ယုံကြည်ခြင်း"** သက်သက်နှင့် ရရှိသည့်အရာအဖြစ် ရှင်ပေါလုက ရှင်းလင်းစွာ ပြောထားသည်။ ဤသဘောအရ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် **ဖြောင့်မတ်ကြောင်း**

**ကြေညာခံရခြင်း** ဖြစ်ပြီး ခရစ်တော်ကို ခရစ်ယာန်များ ကနဦး ယုံကြည်သည့်အတွက် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို သူတို့၏ ဖြောင့်မတ်ခြင်းအဖြစ် ယိုးစွပ်မှတ်ယူခံရချိန်တွင် ဖြစ်ပေါ်သည်။

**ဒီကိုင်ယိုအိုး** ၏ ဒုတိယမြောက် ဝေါဟာရအသုံးကို ယာကုပ် ၂း၂၄ တွင် တွေ့ရသည်။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့် ရောက်သည်ကို သင်တို့ သိမြင်ရကြ၏ (ယာကုပ် ၂း၂၄)။

ဤနေရာတွင် "ဖြောင့်မတ်ရာသို့ ရောက်သည်" ဟုပြန်ဆိုသည့် **ဒီကိုင်ယိုအိုး** အား ယာကုပ်က ရောမ ၃း၂၈ တွင် ပေါလုသုံးသည့်ပုံနှင့် အတော်ကလေးကွဲလွဲစွာပင် အသုံးပြုထားသည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် "ပညတ်တရား၏ အကျင့်မရှိဘဲ ယုံကြည်ခြင်းသက်သက်ဖြင့်ရောက်သည်" ဟု ပေါလုဆိုခဲ့သော်လည်း ယာကုပ်ကမူ **"ယုံကြည်ခြင်းအားဖြင့်သာမဟုတ်၊ အကျင့်အားဖြင့် ရောက်သည်"** ဟု ဆိုခဲ့သည်။

စိတ်ဝင်စားဖွယ်ပင် ယာကုပ်ရော ပေါလုပါ သူတို့ပြောလိုသည့်အချက်ကို သက်သေပြရန် အာဗြဟံကို သာဓကအဖြစ် အကူအညီယူခဲ့ကြသည်။ ရောမ ၄း၁-၅ ပါ အာဗြဟံအကြောင်း ပေါလုဆွေးနွေးခန်းကို ကျွန်ုပ်တို့ကြည့်သောအခါ ကမ္ဘာဦး အခန်းကြီး ၁၅ပါ အာဗြဟံ ဘုရားသခင်ကို ယုံကြည်သည့်အချိန်၊ ထိုယုံကြည်ခြင်းအား သူ၏ ဖြောင့်မတ်ခြင်းအဖြစ် မှတ်ယူသည့်အချိန်ကာလ အဖြစ်အပျက်များကို ရည်ညွှန်းသည်မှာ ရှင်းနေသည်။ ဤအရာသည် အာဗြဟံ၏ ကနဦး ဖြောင့်မတ်ရာသို့ ရောက်ခြင်းဖြစ်ပြီး သူ့ယုံကြည်ခြင်းသက်သက်အားဖြင့် သူ့အား ဖြောင့်မတ်ကြောင်း ဘုရားသခင်က ပထမဆုံး ကြေညာသည့်အချိန် ဖြစ်သည်။

သို့သော် ယာကုပ်သည် ကမ္ဘာ ၁၅ အဖြစ်အပျက်များနောက် နှစ် ၃၀ခန့်ကြာပြီးမှ ဖြစ်ပျက်သည့် ကမ္ဘာ ၂၂ အဖြစ်အပျက်များကို ရည်ညွှန်းခဲ့သည်။ ကမ္ဘာ ၂၂ ထဲတွင် အာဗြဟံ၏ ယုံကြည်ခြင်းကို သက်သေပြရန် သူ့သား ဣဇက်အား ယဇ်ကောင်အဖြစ် ပူဇော်ခိုင်းခြင်းဖြင့် ဘုရားသခင်သည် အာဗြဟံကို စုံစမ်းခဲ့သည်။ ဤသို့သောအားဖြင့် အာဗြဟံ၏ ယခင်ရှိခဲ့သည့် ယုံကြည်ခြင်းသည် အကျင့်အားဖြင့် "စုံလင်" ခဲ့ကြောင်း ယာကုပ် ၂း၂၃ က ပြောသည်။ ဤကိစ္စတွင် ယာကုပ်သည် အာဗြဟံ၏ ကနဦး ဖြောင့်မတ်ရာသို့ ရောက်ကြောင်း ကြေညာချက်ကို ပြောနေခြင်းမဟုတ်ဘဲ သူ့ဖြောင့်မတ်ခြင်း၏ "သက်သေ" သို့မဟုတ် မှန်ကန်ကြောင်း အထောက်အထား ပြသခြင်းကို ပြောနေခြင်းဖြစ်သည်။

ထို့ကြောင့် ဓမ္မသစ်စာရေးသူတို့သည် ဂရိဝေါဟာရ "ဒီကိုင်ယိုအိုး" အား အနည်းဆုံး ထူးထူးခြားခြား ကွဲပြားသော ပုံစံနှစ်ခုဖြင့် အသုံးပြုခဲ့ကြောင်း ထင်ရှားသည်။

သို့သော်လည် ဖြောင့်မတ်ရာသို့ ရောက်ခြင်းအကြောင်း ကျွန်ုပ်တို့ မြင်ရပြီးသမျှသည် ပုံမှန်ထက် ထူးကဲနေခြင်းတော့ မရှိပါ။ သာဓကအားဖြင့် **"သန့်ရှင်းစေသည်" "သန့်ရှင်းခြင်းသို့ရောက်သည်" "သန့်ရှင်းသူ"** နှင့် **"သန့်ရှင်းသော"** ဟု အမြဲလို ပြန်ဆိုလေ့ရှိသည့် ဂရိ ကြိယာ ဟာ*ဂီယာဇိုး* နှင့် ဆက်စပ်နေသည့် ဝေါဟာရမိသားစုကို သာဓကအားဖြင့် ကြည့်ကြပါစို့။ ဤဝေါဟာရမိသားစု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

တစ်ခုသည်လည်း ဓမ္မသစ်ကျမ်းထဲ၌ သဘောအယူအဆများစွာကို ဖော်ပြသည်။ ပုံဖော်ပြရလျှင် စာရေးသူ တစ်ဦးဖြစ်သည့် တမန်တော် ရှင်ပေါလုက ဤဝေါဟာရအားဖြင့် ဖော်ပြသည့် သဘောအယူအဆ သုံးခုကို ကျွန်ုပ်တို့ ကြည့်ပါမည်။

ပထမအားဖြင့် **၁ကော ၆း၁၁** တွင် အောက်ပါတို့ကို ကျွန်ုပ်တို့ ဖတ်ရသည်-

> အထက်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင်သခင်ယေရှု၏ နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်၎င်း၊ ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာ သို့ ရောက်ကြပြီ (၁ ကောရိန္သု ၆:၉-၁၁)

ဤကျမ်းပိုဒ်ထဲတွင် "သန့်ရှင်းရာသို့ ရောက်သည်" သို့မဟုတ် *ဟာဂီယားဇိုး* အား လူတစ်ဦး ခရစ်တော်ထံ ကနဦး ယုံကြည်လာချိန်၊ အပြစ်နှင့် ခွဲခွာပြီး ဘုရားသခင့် လက်ခံတော်မူခြင်းကို ခံရချိန်၌ ဘုရားသခင် လုပ်ဆောင်ပေးသောအရာတစ်ခုအဖြစ် ရည်ညွှန်းဖော်ပြသည်။ တခါတရံ ဤအချက်အား အကြွင်းမဲ့သန့်ရှင်းခြင်း ဟု ခေါ်ဆိုသည်။ ၎င်းသည် အနီးဆုံး အဆက်အစပ်အတွင်း သူအသုံးပြုသော အခြားဝေါဟာရများအရ သူ၏ ဆိုလိုရင်းဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ ကောရိန္သုအသင်းသားတို့အား သူတို့၏ အပြစ်တို့မှ သန့်ရှင်းပြီး ဖြစ်၍ **ဆေးကြောခြင်း** သို့ ရောက်ပြီးသည့် အနေနှင့် သူပြောဆိုထားသည်။ "သန့်ရှင်းခြင်းသို့ ရောက်ရှိခြင်းသည် ဘုရားသခင့်အဖို့ သန့်ရှင်းမြင့်မြတ်၍ ဘုရားသခင် လက်ခံဖွယ်ဖြစ်အောင် လုပ်ဆောင်ခံရခြင်းဖြစ်ပြီး **"ဖြောင့်မတ်ရာသို့ ရောက်ခြင်း"** သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သွားပြီဟု ကြေညာခံရခြင်း ဖြစ်သည်။ ဤနေရာတွင် "သန့်ရှင်းခြင်းသို့ရောက်ခြင်း" သည် ယုံကြည်သူအသစ်များ ဖြောင့်မတ်သည်ဟု ကြေညာခံရပြီး ခရစ်တော်နှင့် အကြွင်းမဲ့ ချိတ်ဆက်မှုရရှိလိုက်သည့်အချိန် ဖြောင့်မတ်ရာသို့ရောက်ရာ၌လက်ခံရရှိသည့် **ကနဦး သန့်ရှင်းရာသို့ ရောက်ခြင်း** ကို ရည်ညွှန်းသည်။

ဒုတိယအားဖြင့် "သန့်ရှင်းရာသို့ ရောက်ခြင်း" *ဟာဂီယားဇိုး* ဝေါဟာရ နောက်အသုံးတစ်ခုကို **၁သက်၄း၃** မှာလည်း တွေ့ရသည်၊ ထိုနေရာတွင် ဤစကားလုံးများကို ပေါလုရေးခဲ့သည်-

> ဘုရားသခင်၏ အလိုတော်ကား သင်တို့သန့်ရှင်းခြင်း ရှိရန် ဖြစ်၏။ တစ်နည်းအားဖြင့် သင်တို့သည် တရားနှင့်မညီသော မေထုန်ပြုခြင်းကို ရှောင်ကြဉ်ကြရမည် (၁သက် ၄း၃)။

ဤကျမ်းချက်ထဲတွင် ယုံကြည်သူများ လိုက်စားကြရမည့် အရာတစ်ခုကို ပေါလု ဖော်ပြထားသည်။ တခါတရံ ၎င်းအား အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းခြင်းဟု ခေါ်ဆိုကြသည်။ **မတရားသော မေထုန်** ကို ကြဉ်ရှောင်ခြင်းနှင့် ဆက်စပ်ပြီး သန့်ရှင်းခြင်း၏ အဓိပ္ပာယ်သည် မည်သည်ကို ဆိုလိုကြောင်း ပေါလု ရှင်းပြခဲ့သည်။ ဤနေရာတွင် ဟာဂီယားဇိုး သည် ယုံကြည်သူတို့၏ အသက်တာတလျှောက် အပြစ်ကို ရှောင်ကြဉ်ပြီး အဆင့်ဆင့် ခရီးဆက်နေသည့် ဖြစ်စဉ်ကို ဆိုလိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဟာဂီးယားဇိုးကို နောက်တနည်း အသုံးပြုရာ တတိယကျမ်းချက်လည်း ရှိသေးသည်။ ၁ ကောရိန္သု ၇း၁၄တွင် ပေါလုရေးသားခဲ့သည်ကို နားထောင်ကြည့်ပါ-

> အကြောင်းမူကား ယုံကြည်သူမဟုတ်သော လင်ယောကျ်ားသည် မိမိမယားအားဖြင့် သန့်ရှင်းစေခြင်းခံရ၏။ ယုံကြည်သူမဟုတ်သော မယားသည်လည်း မိမိလင်ယောကျ်ားအားဖြင့် သန့်ရှင်းစေခြင်းခံရ၏။ သို့မဟုတ်လျှင် သင်တို့၏ သားသမီးတို့သည် ညစ်ညူးကြလိမ့်မည်။ သို့သော် ယခု သူတို့သည် သန့်ရှင်းကြ၏ (၁ကော ၇း၁၄)။

ဤကျမ်းပိုဒ်ထဲတွင် ယုံကြည်သူနှင့် မယုံကြည်သူ ဇနီးခင်ပွန်းများရှိသည့် မိသားစုများအကြောင်း ပေါလု ဖော်ပြရာတွင် ဟာဂီယားဇိုးနှင့် နီးနွယ်သော ဝေါဟာရ မိသားစုကို သုံးကြိမ် သူ အသုံးပြုခဲ့သည်။ ပထမဦးစွာ ယုံကြည်သော ခင်ပွန်းသည် သူ့ဇနီးသည်အားဖြင့် သန့်ရှင်းခြင်း (ဟာဂီယားဇိုး) ခံရကြောင်း သူပြောခဲ့သည်။ ဒုတိယအားဖြင့် မယုံကြည်သော ဇနီးအတွက်လည်း အလားတူဖြစ်ကြောင်း သူပြောခဲ့သည်။ တတိယအားဖြင့် ကောရိန္သုအသင်းသားများအား အဆိုပါ မိသားစုများ၏ သားသမီးများ **"သန့်ရှင်း"** ကြောင်း သို့မဟုတ် သန့်ရှင်းခြင်း ခံရကြောင်း သတိပေးရန်အတွက် အဆိုပါဝေါဟာရ၏ နာမဝိသေသနပုံစံကို သူအသုံးပြုခဲ့သည်။

သို့သော်လည်း အဆိုပါ မယုံကြည်သူတို့အား ဘုရားသခင် လက်ခံဖွယ်ဖြစ်အောင် ထိုသူတို့ကို ဘုရားသခင်က အပြစ်နှင့် ခွဲခြားထားသည့်သဘောမျိုး ပေါလု မဆိုလိုခဲ့ပါ။ ယုံကြည်သူတို့၏ သားသမီးများ ကယ်တင်ခြင်းသို့ ရောက်သည်ဟုလည်း သူ မဆိုလိုခဲ့ပါ။ သူတို့သည် ခရစ်ယာန်များကဲ့သို့ သန့်ရှင်းခြင်းနောက်သို့ လိုက်နေကြသည်ဟုလည်း သူ မဆိုလိုခဲ့ပါ။ ကယ်တင်ခြင်းအတွက် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း မရှိမဖြစ် လိုအပ်ကြောင်း ပေါလု၏ အခြားသော ပေးစာရှိသမျှထဲမှာ ရှင်းရှင်းဖော်ပြထားသည်။ ထိုအစား ဤနေရာတွင် ကယ်တင်ခြင်းနှင့် မယှဉ်သော သန့်ရှင်းခြင်းဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် အရာကို ပေါလု ရည်ညွှန်းလိုရင်းဖြစ်သည်။ အနည်းဆုံး ယုံကြည်သူအစစ်အမှန် မိဘတစ်ဦးရှိနေသော မယုံကြည်သူများနှင့် သားသမီးများပါဝင်သည့် မိသားစုတစ်စုသည် ယုံကြည်သူတစ်ဦး ရှိနေခြင်းကြောင့် ကျန်ရှိသမျှလောကမှ သီးသန့်ဖြစ်နေသည့် သဘောအားဖြင့် သန့်ရှင်းခြင်းခံရသည့် သဘောကို ရည်ညွှန်းသည်။ ထို့ကြောင့် သမ္မာကျမ်း ဝေါဟာရ ဟာဂီယားဇိုး အား စစ်မှန်သော ယုံကြည်သူတို့၏ ကနဦး အတွေ့အကြုံ၌၎င်း၊ အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းခြင်း၌၎င်း၊ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းကင်းမဲ့နေစေကာမူ အချို့သော မယုံကြည်သူများအား သီးခြားခွဲခြားထားမှု၌၎င်း ပေါလု အသုံးပြုထားကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

ဖြောင့်မတ်ရာသို့ရောက်စေခြင်းနှင့် သန့်ရှင်းခြင်းသို့ ရောက်စေခြင်းအကြောင်း ကျွန်ုပ်တို့ တွေ့ရသမျှသည် သမ္မာကျမ်းထဲက ဓမ္မပညာအရ ထူးခြားအရေးပါသော အခြားသော စကားလုံးများစွာမှာလည်း မှန်ကန်မှု ရှိသည်။ သာမန် ဘာသာစကားမှာလိုပင် ကျမ်းစာ **ဝေါဟာရ တစ်ခု** သည် ကွဲပြားသော **သဘောအယူအဆများစွာ** ကို ဖော်ပြနိုင်သည်။ ဝေါဟာရများနှင့် သမ္မာကျမ်းစာ သဘောအယူအဆတို့အကြား အဆိုပါ ခက်ခဲရှုပ်ထွေးသော ဆက်နွယ်မှုတို့ကြောင့် ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

တတိယမြောက် ဂရုပြုအာရုံစိုက်ရမည့်အရာသည် စနစ်ကျဓမ္မပညာရှိ ပညာရပ် ဝေါဟာရများနှင့် စကားစုများကို နားလည်ရန် လိုအပ်လာမှုပင် ဖြစ်သည်။

# လိုအပ်မှု

စနစ်ကျဓမ္မပညာကို ကျောင်းသားများ ပထမဆုံး တွေ့ကြုံရသည့်အခါ သူတို့လေ့လာရမည့် ပညာရပ်ဝေါဟာရစာရင်းမှာ မကုန်မခန်းနိုင်ပုံရနေသဖြင့် မကြာခဏ စိတ်ရှုပ်ထွေးကြသည်။ "ကိစ္စရပ်များအကြောင်း ဤသို့ သီးသန့်ပြောဆိုသည့်ပုံစံနည်းလမ်း ရှိသမျှအား အဘယ်ကြောင့် ကျွန်ုပ်တို့ လေ့လာဖို့လိုပါသနည်း၊ အဘယ်ကြောင့် ယင်းတို့အကြောင်း သမ္မာကျမ်းစာက ပြောသည့်အတိုင်း ကျွန်ုပ်တို့ ပြောဆိုမရနိုင် ဖြစ်နေရပါသနည်း"ဟု ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ကျွန်ုပ်အမေးခံရသည်ကို ကျွန်ုပ် မပြောနိုင်တော့ပါ။

ကောင်းပါပြီ။ အဆင့်တစ်ခုအနေဖြင့် ဆိုလျှင် ပညာရပ် ဝေါဟာရများကို မလိုအပ်ပါ။ ယင်းတို့မပါဘဲနှင့်လည်း စနစ်ကျဓမ္မပညာကို လေ့လာ၊ သင်ယူ၊ သွန်သင်ဖို့ ဖြစ်နိုင်ပါသည်။ သို့သော် နောက်ထပ်အဆင့်တစ်ခုအနေဖြင့် ဆိုလျှင် ကျမ်းစာရှိသမျှကို လက်ခံကြိုဆိုနိုင်မည့် ညီညွတ်ဆီလျော်သော စနစ်တစ်ခုကို ဖန်တီးရန် ပညာရပ် ဝေါဟာရများ လိုအပ်သည်။ သမ္မာကျမ်း ဝေါဟာရများနှင့် သဘောအယူအဆများအကြား နီးနွယ်မှုတို့သည် အလွန်ပင် အမျိုးစုံလင်များပြားလှသည်ဖြစ်ရကား စနစ်ကျဓမ္မပညာရှင်တို့သည် တခါတရံ လုပ်ယူရသည့် သဘောရှိသော်လည်း ပိုမိုရှင်းလင်းပြတ်သားစွာ ဆက်သွယ်ပြောကြားပေးနိုင်သည့် သီးသန့် ဝေါဟာရအသုံးအနှုန်းများကို တိုးချဲ့ဖန်တီးလာရသည်။

ဤ ရှင်းလင်းပြတ်သားရန် **လိုအပ်မှု** သည် ညီမျှခြင်း၏ ဖက်နှစ်ဖက်လုံးတွင် ရှိနေကြောင်း ၎င်းက မြင်လွယ်စေသည်။ ပထမအားဖြင့် ဝေါဟာရများစွာက **သဘောအယူအဆတစ်ခု** ကို ဖော်ပြချိန် ဖြစ်ပေါ်သော ရှုပ်ထွေးမှုကို ကျွန်ုပ်တို့ လေ့လာကြမည်ဖြစ်ပြီး ဒုတိယအားဖြင့် ဝေါဟာရတစ်ခုက **သဘောအယူအဆများစွာ** ကို ဖော်ပြချိန် ဖြစ်ပေါ်သော ရှုပ်ထွေးမှုမျိုး ကို ကျွန်ုပ်တို့ လေ့လာကြမည် ဖြစ်သည်။ ကျမ်းစာဝေါဟာရအများက တစ်ခုတည်းသော သဘောအယူအဆကို ဖော်ပြချိန် ပညာရပ် ဝေါဟာရများလိုအပ်မှုကို ဦးစွာ ကြည့်ကြပါစို့။

## ဝေါဟာရအများ / သဘောအယူအဆတစ်ခု

ကျွန်ုပ်တို့တွေ့ခဲ့ပြီးသလို ကျမ်းရေးသူတို့သည် မတူကွဲပြားသည့် ဖော်ပြချက်များစွာဖြင့် တစ်ခုတည်းသော အခြေခံသဘောအယူအဆတစ်ခုကို မကြာခဏ ရည်ညွှန်းဖော်ပြလေ့ရှိသည်။ အမြဲလိုပင် ဤအချက်ကြောင့် စနစ်ကျဓမ္မပညာရှင်တို့အဖို့ မိမိတို့ ပေးလိုသည့် ရှင်းလင်းပြတ်သားမှု အတိုင်းအတာရောက်ဖို့ အခက်အခဲကြုံတတ်သည်။ ထို့ကြောင့် စနစ်ကျဓမ္မပညာရှင်တို့သည် သူတို့ပြောလိုသည်ကို ရှင်းလင်းပြတ်သားစေရန် ပညာရပ် ဝေါဟာရများကို တည်ဆောက်လေ့ရှိကြသည်။ ဤအရာ အလုပ်လုပ်ပုံကို ပုံဖော်ရန် အသင်းတော် ဆိုသည့် သဘော အယူအဆအား ကျမ်းစာတင်ပြပုံနည်းလမ်းကို ဖော်ထုတ်ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အသင်းတော်အကြောင်း ဩဝါဒအပေါ် သမ္မာကျမ်းစာသွန်သင်ချက်အား အက်ကလေဆီယော်လော်ဂျီ **"အသင်းတော် ဓမ္မဗေဒ"** ဟု ခေါ်လေ့ရှိသည်။ ဤပညာရပ် ဝေါဟာရသည် "အသင်းတော်" ဆိုသည့် ဓမ္မသစ် ဂရိဝေါဟာရ (*အက်*ကလေဆီယာ) မှ လာသည်။ သူတို့ပြောလိုသည့် ခေါင်းစဉ်တစ်ခုခုကို ရှင်းလင်းဆွေးနွေးဖို့ ဓမ္မပညာအဖွဲ့အစည်းတစ်ခုဆီ ဓမ္မပညာရှင် အုပ်စုတစ်စု ရောက်လာသည် ဆိုကြပါစို့။ ဓမ္မပညာရှင် တစ်ပါးက ယခုလို အစပြုနိုင်ပါသည်- "ဒီနေ့တော့ **ဣသရေလတို့ရဲ့ ဘုရားသခင်** အကြောင်း ဩဝါဒကို ကျွန်တော် ဆွေးနွေးမှာဖြစ်ပါတယ်" နောက်ထပ်တစ်ဦးက **"ဘုရားသခင့် ဗိမ္မာန်တော်"** အကြောင်း ဩဝါဒကို ကျွန်တော် ဆွေးနွေးလိုပါတယ်" ဟု ပြောနိုင်သည်။ နောက်တစ်ဦးကမူ "ကျွန်တော် ဆွေးနွေးမှာကတော့ **ခရစ်တော်ရဲ့ ကိုယ်ခန္ဓာ** အကြောင်းပဲ ဖြစ်ပါတယ်" ဟု ဆိုကောင်း ဆိုပါမည်။

ဟုတ်ပါသည်။ အဆိုပါ ဓမ္မပညာရှင်တို့ ရည်ရွယ်ပြောဆိုကြမည့် အရာ ဘာလဲ ဆိုသည်မှာ ရုတ်ခြည်း သိသာပေါ်လွင်လိမ့်မည်တော့ မဟုတ်ပါ။ အဆုံးသတ်တွင် "ဣသရေလတို့၏ ဘုရား" "ဘုရားသခင့် ဗိမ္မာန်တော်" နှင့် "ခရစ်တော်၏ ကိုယ်ခန္ဓာ" တို့သည် အသင်းတော်မဟုတ်သော အကြောင်းအရာ များစွာကို ဖော်ပြနိုင်သည်။ "ဣသရေလတို့၏ ဘုရား" သည် ဣသရေလလူမျိုးနှင့် ပတ်သက်ကောင်း ပတ်သက်နိုင်သည်။ "ဘုရားသခင့် ဗိမ္မာန်တော်" သည် ဓမ္မဟောင်းက ဗိမ္မာန်တော်ကို ရည်ညွှန်းကောင်း ရည်ညွှန်းနိုင်သည်။ "ခရစ်တော်၏ ကိုယ်ခန္ဓာ" သည် ယေရှု၏ ရုပ်ခန္ဓာကိုယ်ကို ဖော်ညွှန်းကောင်း ဖော်ညွှန်းနိုင်သည်။ မည်သူသိမည်နည်း။

သို့သော်လည်း အဆိုပါပုံစံရှိသမျှအတိုင်း အသင်းတော်အကြောင်း ပြောဆိုခြင်းသည် မည်သည့် အမှားမျှ မရှိပါ။ အသင်းတော်၏ သဘောအယူအဆတစ်ခုအား အဆိုပါ များပြားလှသည့် ပုံစံများဖြင့် ဓမ္မသစ်ကျမ်းက ရည်ညွှန်းဖော်ပြထားသည်။ သို့တစေ အဆိုပါ ဖော်ပြချက်တို့ကြောင့် ဖြစ်ရသည့် ရှုပ်ထွေးမှုကို စိတ်ကူးမိဖို့ရန် မခက်ပါ။ အဆိုပါ ဓမ္မပညာရှင်တို့သည် တူညီခေါင်းစဉ်တစ်ခုအပေါ် ဆွေးနွေးဖို့ တိုင်ပင်ထားကြပါသလား၊ သို့တည်းမဟုတ် မတူသောခေါင်းစဉ်များကို ပြောမည်လား ဆိုသည်ကို ကျွန်ုပ်တို့ မသေချာနိုင်ပါ။ ဤသို့သော ရှုပ်ထွေးမှုမျိုးကို ရှောင်ရှားနိုင်ရန် အသင်းတော်အကြောင်း ကျမ်းစာသွန်သင်ချက်ကို ဆွေးနွေးရာ၌ **"အသင်းတော် ဗေဒ"** ဆိုသည့် ဝေါဟာရအား ပညာရပ် ဝေါဟာရအနေနှင့် ပုံမှန်အားဖြင့် စနစ်ကျဓမ္မပညာရှင်တို့ သုံးစွဲကြသည်။

အလွယ်ဆိုရလျှင် **တူညီသော သဘောအယူအဆတစ်ခုတည်း** ကိုပဲ သမ္မာကျမ်း **ဝေါဟာရအများ** က ဖော်ပြသဖြင့် ရှုပ်ထွေးမှုများ ဖြစ်ရသည်။ သို့သော် ဓမ္မပညာရှင်တို့က သူတို့ပြောလိုရာကို ရှင်းလင်းပြတ်သားအောင် ပညာရပ် ဝေါဟာရများသုံးသည့်အခါ ဤ ရှုပ်ထွေးမှုကို ပပျောက်စေနိုင်သည်။

## ဝေါဟာရတစ်ခု / သဘောအယူအဆအများ

ဝေါဟာရတစ်လုံးတည်း သို့မဟုတ် စကားစုတစ်ခုတည်းက ကျမ်းစာသဘောအယူအဆများစွာကို ဆိုလိုနိုင်သည့်အချက်ကြောင့် ဖြစ်ရသည့် ရှုပ်ထွေးမှုကို ရှောင်ရှားနိုင်ရန်အတွက်လည်း ပညာရပ် ဝေါဟာရများကို စနစ်ကျဓမ္မပညာရှင်တို့ ဖန်တီးကြရသည်။ သို့ဖြစ်၍ ရှင်းလင်းပြတ်သားစွာ ဆက်သွယ် ပြောဆိုရန်အတွက် စနစ်ကျဓမ္မဗေဒသမားတို့သည် ပညာရပ်

ဝေါဟာရများအတွက် အလွန်သတ်သတ်မှတ်မှတ်ရှိပြီး မကြာခဏ လုပ်ယူသည့် ကျဉ်းမြောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တည်ဆောက်ယူကြရသည်။

စနစ်ကျဓမ္မပညာမှ "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" နှင့် "သန့်ရှင်းခြင်း" ဝေါဟာရများအား ကျွန်ုပ်တို့ သုံးစွဲပုံများကို သာဓက ယူကြည့်ပါ။ ပြုပြင်ပြောင်းလဲရေးကာလက ပရိုတက်စတင့်တို့သည် ရိုမန် ကက်သလစ် ဓမ္မပညာနှင့် ဆန့်ကျင်ကွဲပြားသည့် **အော်ဒို ဆလူးတစ်စ်** (လူတစ်ဦးချင်းအသက်တာမှာ လက်တွေ့ဖြစ်ပေါ်သည့် ကယ်တင်ခြင်း၏ အစီအစဉ်) ပုံစံတစ်ခုကို တည်ဆောက်ယူခဲ့ကြသည်။ ပရိုတက်စတင့် ပညာရပ်ဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများ၌ ဖြောင့်မတ်ရာသို့ ရောက်ခြင်း သည် လူတစ်ဦးချင်းအား ခရစ်တော်၏ ဖြောင့်မတ်ခြင်းအဖြစ် ဘုရားသခင် ယိုးစွပ်မှတ်ယူသည့်အချိန်၌ **ဖြောင့်မတ်ခြင်းကိုရရှိကြောင်း ကနဦး** ကြေညာချက်ဖြစ်သည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်း၌ ဘုရားသခင်သည် အရာရာကို လုပ်ဆောင်ပေးသူဖြစ်ပြီး လူသားတို့သည် လုံးလုံးလျားလျား အပြုခံသက်သက် ဖြစ်သည်။ သန့်ရှင်းခြင်း ဆိုသည်မှာမူ ပရိုတက်စတင့်တို့၏ အော်ဒို ဆလူးတစ်စ် အရ ဖြောင့်မတ်ရာသို့ ရောက်ပြီးနောက်တွင် သန့်ရှင်းမှုကို လိုက်စားရှာဖွေရခြင်းအတွက် **ဆက်ဖြစ်ပေါ်နေသည့် ဖြစ်စဉ်** ဖြစ်သည်။ ဤသဘောအရ **သန့်ရှင်းခြင်း** သည် ဘုရားသခင်တစ်ဦးတည်းက အလုံးစုံ လုပ်ဆောင်ပေးခြင်း မဟုတ်တော့ဘဲ ဘုရားသခင်သာမက လူ့ဆန္ဒလည်း ပါဝင်ပတ်သက်သည်။ အဆိုပါ မတူကွဲပြားမှုတို့သည် ပရိုတက်စတင့် ဓမ္မပညာအတွက် အလွန်ပင် အရေးပါသည်။

သို့သော် သန့်ရှင်းခြင်း ဩဝါဒကို ရှင်းပြရာတွင် "ဖြောင့်မတ်ရာသို့ရောက်ခြင်း" နှင့် "သန့်ရှင်းခြင်း"ဝေါဟာရတို့အား ဓမ္မသစ်ကျမ်းအတွင်း ၎င်းတို့ပါရှိသည့် အနေအထားအတိုင်း ကျွန်ုပ်တို့မြင်တွေ့ရသမျှနှင့် အညီ စိတ်ကြိုက်သုံးလိုသည့် ဓမ္မပညာရှင်များကို စိတ်ကူးကြည့်ပါ။

ပထမအားဖြင့် "သန့်ရှင်းခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ပြီးနောက်မှာ ဖြစ်ပေါ်သည်" ဟု ဓမ္မပညာရှင်များပြောမည်ကို ကျွန်ုပ်တို့ အလွယ်တကူမျှော်လင့်နိုင်ပါသည်။ ဤဖော်ပြချက်သည် ပရိုတက်စတင့် ကယ်တင်ခြင်းလုပ်ငန်း အစီအစဉ်နှင့် ကောင်းစွာ ကိုက်ညီမှု ရှိပါသည်။ သို့သော် ဒုတိယအားဖြင့် ပရိုတက်စတင့်ဝါဒ၏ ပညာရပ်ဆိုင်ရာ ဝေါဟာရအသုံးအနှုန်းကို ထိန်းသိမ်းရန် အာရုံမထားသော ဓမ္မပညာရှင်များကမူ "သန့်ရှင်းခြင်းသည် ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့် တစ်ပြိုင်နက် ဖြစ်ပေါ်သည်" ဟု ဆိုကောင်း ဆိုပါလိမ့်မည်။ ထိုသို့ သူတို့ဆိုရသည့်အကြောင်းမှာ လူတစ်ဦး ဖြောင့်မတ်ရာသို့ ရောက်ရှိချိန်တွင် ထိုသူသို့ ပေးကမ်းတော်မူသော ကနဦးသန့်ရှင်းခြင်းကို ရည်ညွှန်းရာ၌ သန့်ရှင်းခြင်း ဝေါဟာရအား ဓမ္မသစ်ကျမ်းက အသုံးပြုထား၍ ဖြစ်သည်။ ပရိုတက်စတင့် ပညာရပ် ဝေါဟာရကို အာရုံမထားသော ဓမ္မပညာရှင်တို့က တတိယအားဖြင့် "သန့်ရှင်းခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းမပါဘဲ ဖြစ်ပေါ်သည်" ဟုလည်း ဆိုကောင်း ဆိုနိုင်ပါသေးသည်။ ထိုသို့ သူတို့ဆိုရသည့်အကြောင်းမှာ ယုံကြည်သူတို့၏ ကလေးသူငယ်များနှင့် မယုံကြည်သော ဇနီးခင်ပွန်းများ သန့်ရှင်းခြင်း ရှိကြောင်းကို ဓမ္မသစ်မှာ ပြောဆိုထား၍ ဖြစ်သည်။

သမ္မာကျမ်းစာက ယင်းတို့အား အသုံးပြုထားပုံအတိုင်း သူတို့ အသုံးပြုထားသည့်သဘောအရ ဆိုပါက အဆိုပါ ဖော်ပြချက်အားလုံးသည် သမ္မာကျမ်းစာနှင့် ကိုက်ညီကြသည်။ သို့သော် အဆိုပါဖော်ပြချက်တို့ မည်မျှလောက် ရှုပ်ထွေးနိုင်ဖွယ်ရှိသည်ကိုလည်း သိမြင်နိုင်ရန် မခက်ခဲပါ။

ဓမ္မပညာရှင်တစ်ပါးကသာ အဆိုပါဖော်ပြချက် အားလုံးကို အကျယ်တဝင့် မရှင်းပြဘဲ တစ်ခုပြီးတစ်ခု ချပြသည်ကို ကျွန်ုပ်တို့ ကြားရမည်ဆိုလျှင် မေးခွန်းများ အလိုလို ပေါ်လာတော့မည်ဖြစ်သည်။ မည်သည့် အဆိုက မှန်သနည်း။ ယင်းတို့အားလုံးတော့ မမှန်နိုင်ပါ။ အပေါ် ရုံမျှကြည့်မိလျှင် အဆိုပါ အဆိုပြုချက်အားလုံး တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေကြသည်ဟုပင် ကျွန်ုပ်တို့ ပြောချင်ပေလိမ့်မည်။

နောက်ပိုင်း ဤသင်ခန်းစာထဲတွင် ဤသို့သော ပြဿနာမျိုးကို စနစ်ကျဓမ္မပညာရှင်တို့ မည်သို့ကိုင်တွယ်ဖြေရှင်းကြောင်း ကျွန်ုပ်တို့ ပိုမိုအသေးစိတ် လေ့လာကြပါမည်။ ဤနေရာတွင်မူ စနစ်ကျဓမ္မပညာရှင်တို့သည် သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းလို ကိစ္စရပ်များကို ဖြေရှင်းရာ၌ သီးသန့် သို့မဟုတ် ပညာရပ် ဝေါဟာရများကို ဖန်တီးခြင်းဖြင့် ဤသို့သော ရှုပ်ထွေးမှုကို ရှောင်ရှားရန် ကြိုးစားကြသည်။ သူတို့ပြုလုပ်သော ဖော်ထုတ်ချက်များကို ထိန်းချုပ်သော ဘောင်ခတ်ထားသည့်ပုံစံများဖြင့် အဆိုပါ ဝေါဟာရများကို သူတို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ယခုတွင် စနစ်ကျဓမ္မပညာ၌ ပညာရပ်ဝေါဟာရ လိုအပ်မှုကို ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ စနစ်ကျဓမ္မပညာအတွင်း ပညာရပ် ဝေါဟာရတို့၏ **အခန်းကဏ္ဍ** အပေါ် ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။

## အခန်းကဏ္ဍ

စကားလုံး အရဆိုလျှင် ပညာရပ် ဝေါဟာရတို့သည် စနစ်ကျဓမ္မပညာကို တည်ဆောက်ပေးသော အခြေခံအုတ်မြစ်များ ဖြစ်ကြသည်။ ရှေ့သင်ခန်းစာထဲ၌ ပရိုတက်စတင့် စနစ်ကျဓမ္မပညာသည် အရစ္စတိုတယ် ယုတ္တိဗေဒကြောင့် အကြီးအကျယ် အကျိုးရှိခဲ့သည့် အလယ်ခေတ် ကျောင်းတော် တွေးခေါ်မှုပုံစံများနောက်သို့ လိုက်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤအမှုတွင် စနစ်ကျဓမ္မပညာသည် အဓိကကျသော အဆင့် ၄ ဆင့်ဖြင့် ရှေ့ဆက်သည်။ ပထမအားဖြင့် ၎င်းသည် **ဝေါဟာရများ** အတွက် တိကျသော အဓိပ္ပာယ် ဖွင့်ဆိုချက်များကို တည်ဆောက်သည်။ ဒုတိယအားဖြင့် ၎င်းသည် အဆိုပြုချက်များကို ဖွဲ့စည်းရန် အဆိုပါ ဝေါဟာရများကို အသုံးချသည်။ တတိယအားဖြင့် ၎င်းသည် **ဩဝါဒဆိုင်ရာ** ဖော်ပြချက်များကို ဖန်တီးရန် တြိယုတ္တိဆင်ခြေများ၌ အဆိုပါ အဆိုပြုချက်တို့ကို အသုံးချသည်။ စတုတ္ထအားဖြင့် ၎င်းသည် ယုတ္တိတန်သော တင်ပြချက်များအား ဆင်ခြင်သုံးသပ်နိုင်သော ဩဝါဒသွန်သင်မှု **စနစ်တစ်ခု** အတွင်း အစီအစဉ်တကျ နေရာချထားသည်။ ဓမ္မပညာတည်ဆောက်ရာတွင် မျဉ်းဖြောင့်တစ်ကြောင်းကဲ့သို့ပုံစံရှိသည့် လုပ်ငန်းစဉ်မျိုးကို တင်းတင်းကျပ်ကျပ် လိုက်နာလေ့မရှိကြသော်လည်း ဤအကျဉ်းချုပ် ဖော်ပြချက်သည် စနစ်ကျဓမ္မဗေဒ တည်ဆောက်သည့် နည်းဗျူဟာကို အနှစ်ချုပ်ရန် ထောက်ကူပေးသည်။

ဆိုလိုရင်းကို ပုံဖော်ရန် သာဓကတစ်ခု ကြည့်ကြပါစို့။ အချို့သော စနစ်ကျသမားတို့သည် **ခရစ်တော် အသေခံခြင်း** အကြောင်း ဆွေးနွေးကြမည် ဆိုပါစို့။ ပထမဦးစွာ အစဉ်အလာ ခရစ်ယာန် ဝေါဟာရများမှ **အသုံးအနှုန်းများ** ကို ဖန်တီးခြင်း သို့မဟုတ် အခြေခံခြင်းများကို သူတို့ပြုကြမည် ဖြစ်သည်။ ဤကိစ္စမျိုးတွင် **"ဆိုတယ်ရီယိုလော်ဂျီ"** (ကယ်တင်ခြင်း ဩဝါဒဆိုင်ရာ သွန်သင်ချက်)၊ **ဟာစ်စတိုရီးယား ဆလူးတစ်စ်** (လူ့သမိုင်းကြောင်းအတွင်း ကယ်တင်ခြင်းအမှုကို ဘုရားသခင် ပြီးမြောက်စေခြင်း)၊ **"အစားထိုး အသေခံခြင်း"** (ဘုရားသခင့် အမျက်တော် သင့်ရောက်သူတို့နေရာ၌

ခရစ်တော်က ကိုယ်စား အသေခံခြင်း သဘောအယူအဆ)၊ *"အော်ဒိုဆလူးတစ်စ်"* (တစ်ဦးချင်းစီ၏ အသက်တာ၌ ကယ်တင်ခြင်းရောက်ရှိသက်ရောက်ပုံ အစီအစဉ်) ကဲ့သို့သော သီးသန့် ဖော်ပြချက် အများအပြားသည် အချက်အချာနေရာကို ယူလာကြမည် ဖြစ်သည်။ **"ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း" "နောင်တ" "အပြစ်ခွင့်လွှတ်ခြင်း"** နှင့် **"ခရစ်တော်"** ကဲ့သို့သော ဝေါဟာရများကိုလည်း သူတို့ အသုံးပြုနိုင်သည်။

ဒုတိယအားဖြင့် စနစ်ကျဓမ္မသမားတို့သည် ခရစ်တော် အသေခံခြင်းဆိုင်ရာ ကျမ်းစာသွန်သင်ချက်၏ အခြေခံအင်္ဂါရပ်များကို ဖော်ပြသည့် အဆိုပြုချက်များအဖြစ် အဆိုပါ ဝေါဟာရများကို ပေါင်းစပ်ထည့်သွင်းကြလိမ့်မည်ဖြစ်သည်။ သာဓကအားဖြင့် ဤကဲ့သို့သောပုံစံများလို သူတို့ပြောဆို၊ စဉ်းစားကြဖွယ် ရှိသည်။ **"ကယ်တင်ခြင်း ဆိုင်ရာဩဝါဒ သွန်သင်ချက်" ကို အော်ဒို ဆလူးတစ်စ် နှင့်ဟစ်စတိုးရီးယား ဆလူးတစ် ဟူသည့် အရေးကြီးသော ခေါင်းစဉ်ခွဲ နှစ်ခုအဖြစ် ပိုင်းခြားနိုင်သည်။ "ခရစ်တော်၏ အသေခံခြင်းသည် ယုံကြည်သူတို့၏ ကိုယ်စား အစားထိုး အပြစ်ဖြေပေးခြင်းဖြစ်သည်" "ခရစ်တော်၏ အစားထိုးအသေခံခြင်း သည် လူတစ်ဦးဦး၏ အပြစ်ခွင့်လွှတ်ခံရခြင်းနှင့် ထာဝရအသက်ရရှိခြင်းတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။ "ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းနှင့် နောင်တတရား တို့သည် အော်ဒို ဆလူးတစ်စ် ၏ မရှိမဖြစ် အရေးကြီးသော အုတ်မြစ်များ ဖြစ်ကြသည်။** ယင်းတို့နှင့်တကွ အခြားအဆိုပြုချက်များစွာတို့သည် ခရစ်တော် အသေခံခြင်းဆိုင်ရာ ဓမ္မပညာဆွေးနွေးချက်အတွက် စပ်လျဉ်းသည့် အချက်များစွာကို ဖော်ပြသည်။

တတိယအဆင့်၌ စနစ်ကျဓမ္မသမားတို့သည် သီးသန့် သတ်မှတ်သည့် အချက်များအကြား ယုတ္တိတန်သည့် ဆက်စပ်မှုများမှ သွယ်ဝိုက်ကောက်ချက်များချရင်း သူတို့၏ ပညာရပ်ဆိုင်ရာ ဝေါဟာရများနှင့် အဆိုပြုချက်များကို **ဩဝါဒဆိုင်ရာ** ဖော်ပြချက်ပုံစံသို့ ဆွဲယူလိုက်ကြသည်။ သာဓကအားဖြင့် ဤသို့ အကျဉ်းချုပ်တစ်ခုကို သူတို့ ပြောဖွယ်၊ ရေးဖွယ် ရှိသည်- **"ခရစ်တော် အသေခံခြင်း၏ ကယ်တင်ခြင်းဆိုင်ရာ ထူးခြားအရေးပါမှုကို ဟစ်စတိုးရီးယား ဆလူးတစ်စ် နှင့် အော်ဒို ဆလူးတစ်စ် တို့အရ သိမြင်ရမည် ဖြစ်သည်။ တစ်ဖက်တွင် ဟစ်စတိုးရီးယား ဆလူးတစ်စ်** *ကယ်တင်ခြင်း သမိုင်းကြောင်း* **သည် ခရစ်တော် အသေခံခြင်း၌ အထွတ်အထိပ် အခါသမယသို့ ရောက်ရှိခဲ့သည်။ ကိုယ်တော်၏ အသေခံခြင်းသည် အပြစ်မှ ထာဝရခွင့်လွှတ်ခြင်းကို ရရှိစေသော အစားထိုးအသေခံခြင်း ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အော်ဒိုဆလူးတစ်စ်၌ ခရစ်တော်၏ အပြစ်ဖြေခြင်း အကျိုးကျေးဇူးများကို လူတို့ လက်တွေ့ မခံယူသေးသရွေ့ မည်သူတစ်ဦးတစ်ယောက်မျှ ကောန်အမှန် ခွင့်လွှတ်ခြင်း၊ ကယ်တင်ခြင်း မရရှိပေ။ အပြစ် ခွင့်လွှတ်ခြင်းအတွက် သူတို့၏ အပြစ်မှ နောင်တရရပြီး ခရစ်တော်၌ ကိုးစားခြင်းဖြင့် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းကို လူတစ်ဦးစီက ကျင့်သုံးသည့်အခါမှသာ ထာဝရအသက်ကို သူတို့ ရရှိကြသည်။**

အဆုံးသတ်အားဖြင့် ခရစ်တော်အသေခံခြင်းဆိုင်ရာ အဆိုပါ ပညာရပ် ဝေါဟာရများ၊ အဆိုပြုချက်များနှင့် ဩဝါဒဆိုင်ရာ ဖော်ပြချက်များသည် စနစ်ကျဓမ္မဗေဒသမားတို့အား ပိုမိုကျယ်ပြန့်သည့် အမြင်ဆီ ပို့ဆောင်လမ်းပြလိမ့်မည်ဖြစ်သည်။ ခရစ်တော် အသေခံခြင်း အကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သူတို့၏ ဆွေးနွေးချက်များအား ကျယ်ပြန့်သော စနစ်ကျဓမ္မပညာပုံစံနှင့် ချိတ်ဆက်ပြီး ယခုလို မေးခွန်းများကို ဖြေဆိုရန် ရှာကြသည်။ ပိုကြီးမားသည့် **ကယ်တင်ခြင်း** ပုံရိပ်အတွင်း ခရစ်တော်၏ အသေခံခြင်းသည် မည်သို့ အံဝင်နေသနည်း။ ကယ်တင်ခြင်း သည် **ဘုရားသခင် ဓမ္မဗေဒ၊ လူသားဗေဒ၊ အသင်းတော်ဗေဒ၊ နောက်ဆုံးကာလဗေဒ** တို့လို အခြားသောဩဝါဒများနှင့် မည်သို့ဆက်နွယ်ပါသနည်း။

စနစ်ကျဓမ္မပညာတစ်ခု တည်ဆောက်ရေးလုပ်ငန်းစဉ်အား ဤပုံစံရှုမြင်ခြင်းသည် တမင်လုပ်ယူရသလိုလို ဖြစ်နေသည်။ လက်တွေ့လုပ်ဆောင်သည့်အခါ အဆိုပါ အဆင့် အားလုံးသည် အချင်းချင်း အလွန်ပင်မှီခိုအားပြုနေကြပြီး အပြန်အလှန် ချိတ်ဆက်မှု ကွန်ရက်များကိုလည်း ဖြစ်ပေါ်စေသည်။ စနစ်ကျဓမ္မပညာတစ်ခုကို ဓမ္မပညာရှင်တို့ အမှန်တကယ် တည်ဆောက်ကြသည့်အခါ အချိန်တိုင်းလိုလို အဆင့်လေးဆင့်လုံး၌ သူတို့ ပါဝင်ပတ်သက်နေကြသည်။ သို့သော် ဓမ္မပညာရှင်တို့ အမှန်တကယ်လုပ်ဆောင်သည့် အစီအစဉ်သည် မည်သို့ပင်ရှိပါစေ၊ ပညာရပ်ဝေါဟာရများသည် စနစ်ကျဓမ္မပညာ၏ အခြေခံအကျဆုံး အုတ်မြစ်များကို ဖွဲ့စည်းပေးမြဲ ပေးနေဆဲ ဖြစ်သည်။

ယခုတွင် ဓမ္မပညာထဲက ပညာရပ် ဝေါဟာရများနှင့် **ယေဘုယျသဘော ရင်းနှီးကျွမ်းဝင်မှုကို** ကျွန်ုပ်တို့ တည်ဆောက်ပြီးဖြစ်၍ သင်ခန်းစာထဲက ဒုတိယမြောက် အကြောင်းအရာဖြစ်သည့် ပညာရပ်ဝေါဟာရများ **ဖွဲ့စည်းတည်ဆောက်မှု** အကြောင်းဆီ လှည့်ကြပါစို့။ စနစ်ကျဓမ္မဗေဒသမားတို့သည် သူတို့အသုံးပြုသော သီးသန့်ဖော်ပြချက်များအား မည်သို့ ဖန်တီးကြပါသနည်း။

# ဖွဲ့စည်းတည်ဆောက်မှု

အတန်းချိန်ပြီးသည့်နောက် စိတ်ပျက်နေသည့် ဓမ္မတက္ကသိုလ် ကျောင်းသားတစ်ယောက် ကျွန်ုပ်ထံ ရောက်လာသည်ကို သတိရပါသည်။ ကျွန်ုပ်ကို ကြည့်၍ “ခုဆိုရင် ကျွန်တော် ခရစ်ယာန်ဖြစ်ခဲ့တာ နှစ်များစွာကြာခဲ့ပါပြီ။ ဒါပေမယ့် ခင်ဗျားသုံးနှုန်းတဲ့ စကားတွေကို တဝက်တောင် နားမလည်ဖူး ဖြစ်နေတယ်၊ အဲဒီ ထူးထူးဆန်းဆန်း စကားလုံးတွေကို ခင်ဗျား ဘယ်ကရသလဲ" ဟု ဆိုပါသည်။ သူ့ကို ကြည့်ပြီး ကျွန်ုပ်က "ကျွန်တော် သုံးတဲ့ စကားလုံးအများစုက ကျွန်တော့်ကိုယ်ပိုင် မဟုတ်ပါဘူး။ စနစ်ကျဓမ္မပညာရှင်တွေဆီက ရတာတွေပါ" ဟု သူ့ကို ပြောရသည်။ ထို့နောက် သူက ကျွန်ုပ်ကို ကြည့်ပြီး "ဟုတ်ပါပြီ၊ ဒါဆိုရင်တော့ သူတို့ကော ဘယ်ကရခဲ့တာလဲ၊ ပြောပြပါဦး" ဟု ဆိုသည်။

ဓမ္မတက္ကသိုလ်မှာ ကျွန်ုပ်တို့ သုံးသည့် ပညာရပ် အသုံးအနှုန်းကို သူသဘောတွေ့ကြောင်း ပေါ်လွင်ပါသည်။ အလွန်ကောင်းသည့် မေးခွန်းကို သူမေးခြင်းလည်း ဖြစ်သည်။ စနစ်ကျဓမ္မပညာ၏ ဤသီးသန့် ဝေါဟာရစာရင်း ရှိသမျှသည် မည်သည့်နေရာက ရောက်လာပါသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အမှန်စင်စစ် စနစ်ကျဓမ္မပညာထဲက ပညာရပ် ဝေါဟာရတို့သည် ပုံစံအမျိုးမျိုးဖြင့် **ဖွဲ့စည်းဖြစ်တည်လာကြသည်။** ယင်းတို့ ချဲ့ထွင်တိုးတက်လာရာ အဓိကနည်းလမ်းအချို့ကို လေ့လာရန်အတွက် ဦးတည်ရာဖက် နှစ်ခုကို ကျွန်ုပ်တို့ကြည့်ရပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မပညာ၏ ပညာရပ် ဝေါဟာရများစွာသည် **သမ္မာကျမ်းစာဝေါဟာရများ** ထဲက လာကြောင်း လေ့လာကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် အခြားသော ပညာရပ် ဝေါဟာရများစွာတို့သည် အမှန်စင်စစ် **သမ္မာကျမ်းပြင်ပ အရင်းအမြစ်များ** မှ လာကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမအားဖြင့် **သမ္မာကျမ်းစာ** အပေါ် အခြေခံပြီး စနစ်ကျဓမ္မဗေဒသမားတို့ သူတို့၏ သီးသန့်ဝေါဟာရများ ဖွဲ့စည်းတည်ဆောက်သည့် နည်းလမ်းအချို့ကို ကြည့်ကြပါစို့။

## သမ္မာကျမ်း ဝေါဟာရများ

သူတို့၏ ဓမ္မပညာအတွင်း သမ္မာကျမ်း ဖော်ပြချက်များကို စနစ်ကျဓမ္မဗေဒသမားတို့ သုံးသည့်အခါမျိုး၌ ခရစ်ယာန်အများစုက ပိုမိုသက်သောင့်သက်သာ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ စနစ်ကျဓမ္မပညာကို ကျမ်းစာသွန်သင်ချက်အတိုင်း ကျွန်ုပ်တို့ မှန်ကန်စေချင်ပါသည်။ ထို့ကြောင့် ဓမ္မပညာရှင်တို့ သမ္မာကျမ်းနှင့် ညီသည်ဟု ထင်မြင်ရချိန်၌ ပိုမိုသက်သောင့်သက်သာ ခံစားရသည်။ ထိုသို့ဆိုလျှင်ပင် သမ္မာကျမ်းလာ ဝေါဟာရများကို ပညာရပ် အသုံးအနှုန်းများအဖြစ် ဓမ္မပညာမှာ သုံးခြင်းသည် ထင်သလောက် မရိုးရှင်းကြောင်း ကျွန်ုပ်တို့ နားလည်ဖို့ လိုပါသည်။

စနစ်ကျဓမ္မဗေဒသမားတို့သည် အမှန်အားဖြင့် သမ္မာကျမ်းစာထဲက ပညာရပ် ဝေါဟာရတို့အား အနည်းဆုံး နည်းလမ်း သုံးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ကြသည်။ ပထမမှာ တူညီသော သဘောအယူအဆတစ်ခုကို ဖော်ပြသည့် သမ္မာကျမ်း ဝေါဟာရများစွာအနက် **တစ်ခုကို အခြားဝေါဟာရတို့ထက် အလေးပေးခြင်း၊** ဒုတိယမှာ သမ္မာကျမ်း ဝေါဟာရတစ်ခု၏ အဓိပ္ပာယ်တစ်ခုကို အဆိုပါ ဝေါဟာရကပင်ပေးနေသော အခြားအဓိပ္ပာယ်များထက် အလေးပေးခြင်း၊ တတိယမှာ သမ္မာကျမ်း ဝေါဟာရများအတွက် သမ္မာကျမ်းထဲ တစ်ကြိမ်မျှ မရှိခဲ့ဖူးသည့် **အဓိပ္ပာယ်သစ်များကို ဖန်တီးခြင်း** တို့ ဖြစ်ကြသည်။ အဆိုပါနည်းလမ်း သုံးမျိုးကို ဖွင့်ပြခြင်းသည် အထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့် **သမ္မာကျမ်း ဝေါဟာရတစ်ခုကို** အခြားဝေါဟာရတို့ထက် စနစ်ကျဓမ္မသမားတို့ အလေးပေးသည့် နည်းများနှင့် အစပြုကြပါစို့။

### ဝေါဟာရတစ်ခုကို အလေးပေးခြင်း

ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သလို ကျမ်းရေးသူတို့သည် တူညီသော သဘောအယူအဆတစ်ခုကို ရည်ညွှန်းရန် ဖော်ပြချက် တစ်ခုထက်မက အသုံးပြုလေ့ရှိကြသည်။ သူတို့၏ ဆွေးနွေးချက်များ ရှင်းလင်းပြတ်သားမှု ရှိစေရန်အတွက် စနစ်ကျဓမ္မဗေဒသမားတို့သည် ကျမ်းစာထဲက **သဘောအယူအဆတစ်ခု** ကို ညွှန်းသည့် **ဝေါဟာရ များစွာ** ထဲကတစ်ခုအား ပညာရပ် ဝေါဟာရအဖြစ် ရွေးချယ်ပြီး ယင်း ပညာရပ် ဝေါဟာရကို အတော်ကလေး သီးသန့်ဆန်စွာ အသုံးချသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ ဆိုလိုသည့်သဘောကို ပုံပြရပါက အသစ်မွေးဖွားခြင်း ဩဝါဒသွန်သင်ချက်ကို သာဓကပေးရမည်ဖြစ်သည်။ စနစ်ကျဓမ္မပညာတွင် **"ဒုတိယမွေးခြင်း"** ဆိုသည့် ဝေါဟာရသည် လူတစ်ဦးသို့ **ဝိညာဉ်အသက်သစ်** ပေးကမ်းရာ၌ ဘုရားသခင်ပြုတော်မူသောအမှုကို ဖော်ပြရန် သုံးသော ဝေါဟာရ ဖြစ်သည်။ ၎င်းသည် လူတစ်ဦး အပြစ်နှင့် **သေခြင်းမှသည် ခရစ်တော်၌ ရှိသော အသက်သစ်** သို့ ရွှေ့သွားသည့်အခါ ဖြစ်ပေါ်သည့် ကူးပြောင်းမှု (ဝါ) ပြောင်းလဲမှုကို ရည်ညွှန်းသည်။

ကျမ်းစာထဲတွင် ဤသဘောအယူအဆကို ဖော်ပြသည့် ဝေါဟာရ များစွာ ရှိသည်။ **"ဒုတိယမွေးခြင်း"** ဆိုသည့် ဝေါဟာရသည် **ပါလင်ဂနေဆီယာ** ဆိုသည့် ဂရိစကားလုံးကို အနက်ပြန်ဆိုချက် ဖြစ်သည်။ ဓမ္မသစ်ကျမ်းထဲ၌ မဿဲ ၁၉း၂၈ တွင် ၁ ကြိမ်၊ တိတု ၃း၅ တွင် ၁ ကြိမ်၊ စုစုပေါင်း ၂ ကြိမ်သာ ပါရှိသည်။ တိတု ၃း၅ သည် "ဒုတိယမွေးခြင်း" အား ခရစ်တော်၌ အသက်သစ် အစပြုခြင်းကို ဖော်ပြသည့် ပုံစံဖြင့် အသုံးပြုသည့် တစ်ခုတည်းသော နေရာဖြစ်သည်။ သို့သော် ဤတူညီသော သဘောအယူအဆကို အခြားသောဝေါဟာရများကလည်း ဖော်ပြပါသေးသည်။ သာဓကဆိုရလျှင် **ယော၃း၃** ၌ *ဂင်နားအိုး အင်နိုသဲန်း* ဆိုသည့် ဂရိ စကားစုအား "ဒုတိယမွေးခြင်း" သို့မဟုတ် **"အထက်မှမွေးခြင်း"** အဖြစ် ပြန်ဆိုပြီး **၁ပေ ၁း၃** တွင် *အင်နာဂင်နားအိုး* ဆိုသည့် ဂရိစကားလုံးအား **"ဒုတိယမွေးခြင်း"** အဖြစ် ပြန်ဆိုလေ့ရှိကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ **ယာကုပ် ၁း၁၈ ၌** ဝေါဟာရမှာ *အပိုကူအီးအိုး*ဖြစ်ပြီး **"မွေးဖွားသည်"** "ဖွားမြင်သည်" ဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် **ဧဖက် ၂း၁၀** တွင် *ကတီးဇိုး* ဆိုသည်ကို သုံးထားပြီး အဓိပ္ပာယ်မှာ **"ဖန်ဆင်းသည်"** ဟု ဆိုလိုသည်။ **ဂလာတိ ၆း၁၅** တွင်မူ ဒုတိယမွေးခြင်း သဘောအယူအဆအား *ကိုင်နေးကတီးဆစ်စ်* (ဝါ) )"ဖန်ဆင်းခြင်းသစ်" နှင့် ဧဖက် ၄း၂၄ တွင် ကိုင်နို့စ် အင်သရိုပို့စ် (ဝါ) "လူသစ်" စသည့် ဝေါဟာရတို့က ဖော်ပြသည်။

ဤတူညီသော သဘောအယူအဆကို ဝေါဟာရများစွာက ဖော်ပြသော်လည်း စနစ်ကျဓမ္မဗေဒသမားတို့သည် "ဒုတိယမွေးခြင်း" ခေါင်းစဉ်အောက်မှာ ယင်းတို့အားလုံးကို ဖော်ပြလိုကြသည်။ ဤသဘောအယူအဆ လွယ်ကူ၊ ရှင်းလင်းရေးအတွက် ဤသမ္မာကျမ်းဝေါဟာရတစ်ခုကို အခြားဝေါဟာရများထဲမှ ရွေးချယ်ရခြင်း ဖြစ်သည်။

## အဓိပ္ပာယ်တစ်ခုကို အလေးပေးခြင်း

အခြားသော ဝေါဟာရများစွာထဲမှ သမ္မာကျမ်း ဝေါဟာရတစ်ခုကို အလေးပေးခြင်းအပြင် စနစ်ကျဓမ္မဗေဒသမားတို့သည် သမ္မာကျမ်းဝေါဟာရတစ်ခု၏ အဓိပ္ပာယ်များစွာထဲက တစ်ခုကို အလေးပေးခြင်းဖြင့်လည်း ပညာရပ် ဝေါဟာရကို ဖန်တီးတတ်ကြသည်။

တွေ့ခဲ့ပြီးသည့်အတိုင်း ကျမ်းရေးသူတို့သည် တူညီသော ဝေါဟာရတစ်ခုတည်းဖြင့် ကွဲပြားသော အရာများစွာကို ဖွင့်ဆိုတတ်ကြသည်။ ထိုသို့သော အခြေအနေကြောင့် ဖြစ်ရသည့် ရှုပ်ထွေးမှုမျိုးကို စနစ်ကျဓမ္မပညာသမားတို့ ရှောင်ရှားရန် ကြိုးစားသည့် နည်းလမ်းတစ်ခုမှာ ဝေါဟာရတစ်ခု၏ သမ္မာကျမ်း အဓိပ္ပာယ် များစွာထဲက တစ်ခုကို အလေးပေးခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

လေးစားအားကိုးလောက်သည့် စနစ်ကျဓမ္မပညာရှင်တို့သည် "ဖြောင့်မတ်ရာသို့ ရောက်စေသည်" သို့မဟုတ် "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" ဟု အနက်ပြန်ကြသည့် **ဒီကိုင်ယိုအိုး** အား ဓမ္မသစ်၌ ပုံစံအမျိုးမျိုးနှင့် သုံးစွဲကြောင်း သတိပြုမိကြသည်။ ဤသင်ခန်းစာထဲ ရှေ့မှာတွေ့ခဲ့သလို ၎င်းသည် အနည်းဆုံး ကွဲပြားသော သဘောအယူအဆနှစ်ခုကို ဖော်ပြသည်။ ရောမ ၃း၂၈ ၌ ၎င်းသည် ယုံကြည်ခြင်းသက်သက်ဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြောင်း ကနဦး ကြေညာချက်ကို ဖော်ပြပြီး ယာကုပ် ၂း၂၄ တွင်မူ ယုံကြည်ခြင်း၏ မှန်ကန်မှု သို့မဟုတ် သက်သေအထောက်အထားကို ဖော်ပြသည်။

ဖြောင့်မတ်ရာသို့ ရောက်ခြင်း ဝေါဟာရအား အဆိုပါ ပုံစံနှစ်ခုလုံးဖြင့် စနစ်ကျဓမ္မဗေဒသမားတို့ ပုံမှန် အသုံးပြုမည်ဆိုက ဖြစ်လာနိုင်သောအရာကို စိတ်ကူးကြည့်ပါ။ "လူတစ်ဦး မည်သို့ ဖြောင့်မတ်ရာသို့ရောက်သနည်း" ဟု သူတို့ကို မေးခဲ့မည်ဆိုပါစို့။ "လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်၊ အကျင့်အားဖြင့် မရောက်ပါ" ဟု တစ်ဦးက ဆိုပါလိမ့်မည်။ သို့သော် နောက်တစ်ဦးကမူ "လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့် ရောက်သည်" ဟု ပြောပါလိမ့်မည်။ ဤကဲ့သို့သော ဓမ္မပညာဆိုင်ရာ ပြောဆိုချက်သည် အလျင်အမြန်ပင် ရှုပ်ထွေးလာပါလိမ့်မည်။

ဤသို့သော ရှုပ်ထွေးမှုကို စနစ်ကျဓမ္မပညာသမားတို့ ရှောင်ရှားသည့် နည်းလမ်းတစ်ခုမှာ ဒီကိုင်ယိုအိုး စကားလုံး၏ အဓိပ္ပာယ်များစွာထဲက တစ်ခုအား အလေးပေးခြင်းဖြင့် "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" အား ပညာရပ်ဆိုင်ရာ ဓမ္မဝေါဟာရအဖြစ် ပြောင်းလဲလိုက်ခြင်းပင် ဖြစ်သည်။ ရိုမင်ကက်သလစ်အသင်းတော်၏ မှားယွင်းသော သွန်သင်ချက်များကို တုန့်ပြန်ရန်အတွက် ပရိုတက်စတင့်တို့သည် "ဖြောင့်မတ်ကြောင်း ကြေညာခြင်း" အနေဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း၏ အဓိပ္ပာယ်ကို အလေးပေးထားကြသည်။ ဤဖြောင့်မတ်ရာသို့ရောက်ခြင်းသည် အကျင့်အားဖြင့် မဟုတ်ဘဲ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဖြစ်ပေါ်သည်။ ထို့ကြောင့် အစဉ်အလာ ပရိုတက်စတင့်တို့က "ဖြောင့်မတ်ရာသို့ရောက်ခြင်း" ဝေါဟာရအား မခွဲခြားဘဲ သုံးစွဲထားသည့်အခါ ဤအဓိပ္ပာယ်ကို သူတို့ ပြောလိုခြင်း ဖြစ်သည်။

ထို့ကြောင့် ကျမ်းစာထဲက ဝေါဟာရများ၌ အဓိပ္ပာယ်စုံလင်ကွဲပြားမှုကြောင့် ဖြစ်ရသည့် ရှုပ်ထွေးမှုအား ဝေါဟာရတစ်ခုအတွင်း အဓိပ္ပာယ်တစ်ခုကို အခြားအဓိပ္ပာယ်များထက် ဦးစားပေးခြင်းဖြင့် စနစ်ကျဓမ္မပညာရှင်တို့ အောင်မြင်ကျော်လွှားကြကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤရွေးချယ်မှုအရ ဖော်ပြချက်သည်လည်း ပညာရပ်ဆိုင်ရာ ဓမ္မဝေါဟာရ တန်ဖိုးတက်လာသည်။

ဝေါဟာရ တစ်ခု သို့မဟုတ် အဓိပ္ပာယ်တစ်ခုအပေါ် အလေးပေးခြင်းသာမက စနစ်ကျဓမ္မဗေဒသမားတို့သည် သမ္မာကျမ်း ဝေါဟာရများအတွက် အဓိပ္ပာယ်သစ်များ ဖန်တီးခြင်းဖြင့် သမ္မာကျမ်းဘာသာစကားမှ ပညာရပ် ဝေါဟာရများကိုလည်း ဖွဲ့စည်းတည်ဆောက်သည်။ တနည်းဆိုရလျှင် သမ္မာကျမ်းစာထဲ မည်သည့်အခါကမျှ မသုံးခဲ့သည့်နည်းများအရ သမ္မာကျမ်းစကားလုံးများကို သူတို့ သုံးစွဲခြင်းဖြစ်သည်။

## အဓိပ္ပာယ်သစ်များကို ဖန်တီးခြင်း

သမ္မာကျမ်း ဝေါဟာရများအတွက် အဓိပ္ပာယ်သစ်များ ဖန်တီးခြင်းအတွက် ထင်ရှားသော သာဓကတစ်ခုမှာ "ကျေးဇူးတော်၏ ပဋိညာဉ်" ဟူသော ပညာရပ်ဆိုင်ရာ ဓမ္မပညာ ဖော်ပြချက်ဖြစ်သည်။ အစဉ်အလာ ပရိုတက်စတင့်ဓမ္မပညာတွင် ဤစကားစုအား ဓမ္မသစ်သာမက သမ္မာကျမ်းသမိုင်းတလျှောက်လုံး၊ အပြစ်ထဲကျဆင်းချိန်မှ ဘုန်းတော်၌ ခရစ်တော်ပြန်ကြွလာချိန်ထိ ရှိနေသည့် ဘုရားသခင့်လူတို့နှင့် ဘုရားသခင့်အကြား ဆက်နွယ်မှုကို ဖော်ပြရန် အသုံးပြုသည်။ ၎င်းသည် အပြစ်ထဲကျပြီးသည့်နောက် နောဧ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်၊ ခရစ်တော်တို့နှင့် ဘုရားသခင်ပြုသော ပဋိညာဉ်များရှိသမျှအားလုံးကို ထည့်သွင်း လွှမ်းခြုံထားသော သဘောအယူအဆကြီး ဖြစ်သည်။ **ဝက်စ်မင်စတာ ယုံကြည်ခြင်း ဝန်ခံချက်** အခန်းကြီး ၇၊ အပိုင်း ၃ ၌ ကျေးဇူးတော်၏ ပဋိညာဉ်အကြောင်း ဖော်ပြပုံကို နားထောင်ကြည့်ပါ။

> ကျဆုံးခြင်းကြောင့် လူသည် အကျင့်တရား၏ ပဋိညာဉ်အားဖြင့် အသက်ရှင်နိုင်စွမ်းမရှိသည့်အဖြစ်ထဲသို့ မိမိကိုယ်မိမိ ကျရောက်စေခဲ့ပြီးသည့်နောက် ဘုရားသခင်သည် ကျေးဇူးတော်၏ ပဋိညာဉ်ဟု ခေါ်ဆိုကြသည့် ယေရှုခရစ်တော်အားဖြင့် အသက်နှင့် ကယ်တင်ခြင်းကိုအပြစ်သားများထံ အခမဲ့ ကိုယ်တော်ပေးကမ်းရာ ဒုတိယမြောက် ပဋိညာဉ်ကို ပြုပေးရန် အလိုရှိတော်မူသည်။

"ကျေးဇူးတော်၏ ပဋိညာဉ်" ဆိုသည့် အသုံးအနှုန်းကို သမ္မာကျမ်းစာထဲ တွေ့ရသည်ဟု ဝန်ခံချက်က အကြံပြုနေခြင်း မရှိကြောင်း သတိပြုပါ။ "ပဋိညာဉ်" ဆိုသည့် စကားလုံးနှင့် "ကျေးဇူးတော်" ဆိုသည့် စကားလုံးများမှာမူ ကျမ်းစကားလုံးများ ဖြစ်ကြသည်။ သို့သော်လည်း ဤသို့သော ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်နှင့် ကျမ်းစာထဲ အချင်းချင်း တွဲဖက်ထားခြင်းမျိုးကို ကျမ်းစာထဲ မတွေ့ရပါ။ ရလာဒ်အနေနှင့် ဤပဋိညာဉ်ဆိုင်ရာ စီစဉ်ခင်းကျင်းမှုအား " ကျေးဇူးတော်၏ ပဋိညာဉ် ဟူ၍ *သာမန်အားဖြင့်* ခေါ်ဆိုကြသည်" သမ္မာကျမ်း သမိုင်းတလျှောက် ဖွင့်ပြထားသော ခမည်းတော် ဘုရားသခင်နှင့် သားတော်ဘုရားတို့ကြား ဆက်နွယ်မှုသည် သာမန်အားဖြင့် ဤပဋိညာဉ်ဖြစ်သည်ဟု ကျမ်းစာက မခေါ်ဆိုသော်ငြား ဓမ္မပညာရှင်တို့က ခေါ်ဆိုထားကြသည်။ စနစ်ကျဓမ္မပညာရှင်တို့သည် သမ္မာကျမ်း ဖော်ပြချက်များအား နည်းသစ်များဖြင့် အသုံးပြုရင်း ဤပညာရပ်ဆိုင်ရာ အသုံးအနှုန်းများကို ဖန်တီးထားကြပြီး ဖြစ်သည်။ အသေအချာဆိုရလျှင် "ကျေးဇူးတော်၏ ပဋိညာဉ်" ဝေါဟာရက ဖော်ပြသော သဘောအယူအဆသည် သမ္မာကျမ်း အယူအဆသာဖြစ်သည်။ သမ္မာကျမ်းစာ၌ ဘုရားသခင့် ကက်တင်ခြင်းအမှုကိစ္စ ရှိသမျှတို့သည် ညီညွတ်မှုရှိကြသည်။ ထိုညီညွတ်မှုသည်လည်း ကျေးဇူးပြုသောသဘော၊ ပဋိညာဉ် ဆန်သော သဘောရှိသည်။ သို့သော် ကျမ်းစာ၌ ဤမျှလောက် ကြီးမားသည့် သဘောအယူအဆအတွက် ဝေါဟာရ မရှိပေ။ ထို့ကြောင့် စနစ်ကျဓမ္မပညာရှင်တို့သည် ၎င်းကို ဖော်ပြရန် ပညာရပ်ဝေါဟာရကို ထွင်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် သမ္မာကျမ်း ဘာသာစကားကို သုံးပြီး အနည်းဆုံး နည်းလမ်းသုံးခုဖြင့် ဓမ္မပညာရှင်တို့ ပညာရပ်အသုံးအနှုန်း ဖွဲ့စည်းတည်ဆောက်ကြကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ အခြားသော သဘောအယူအဆများစွာထဲက တစ်ခုအတွက် သမ္မာကျမ်းဝေါဟာရတစ်ခုအပေါ် သူတို့အလေးပေးကြသည်။ ကျမ်းစာထဲက ဝေါဟာရတစ်ခု၏ အခြားအဓိပ္ပာယ်များစွာထဲက တစ်ခုအပေါ်မှာ သူတို့အလေးပေးကြသည်။ ထို့ပြင် ကျမ်းစာဝေါဟာရများ၏ အဓိပ္ပာယ်သစ်များကိုလည်း သူတို့တီထွင်ကြသည်။ အဆိုပါ နည်းလမ်းများအရ စနစ်ကျ ဓမ္မပညာရှင်တို့သည် ခရစ်ယာန်ယုံကြည်ခြင်းအကြောင်း သူတို့၏ ဆွေးနွေးချက်များ ရှင်းလင်းပြတ်သားရေး သေချာအောင် ရှာကြံကြသည်။

ယခုတွင် သမ္မာကျမ်း ဘာသာစကားကို သုံးပြီး ပညာရပ်ဝေါဟာရတို့အား စနစ်ကျဓမ္မပညာရှင်တို့ မည်သို့ ဖွဲ့စည်းတည်ဆောက်ကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ စနစ်ကျဓမ္မပညာ၏ သီးသန့် ဝေါဟာရများကို ဖွဲ့စည်းတည်ဆောက်ရာမှာ အဓိကကျသည့် ဒုတိယနည်းလမ်းဆီ လှည့်ကြပါမည်။ စနစ်ကျဓမ္မဗေဒသမားတို့သည် သူတို့၏ ဝေါဟာရများအား သမ္မာကျမ်းပြင်ပရှိ အရင်းအမြစ်များမှလည်း ရယူကြသည်။

## သမ္မာကျမ်းပြင်ပ ဘာသာစကား

မဟာစေခိုင်းချက်ကြီးကို ပြီးမြောက်ရန် ခရစ်ယာန် ဓမ္မပညာရှင်တို့သည် သူတို့အား ဘုရားထားရှိရာ အမျိုးမျိုးသော ယဉ်ကျေးမှုများအတွင်း ခရစ်ယာန် သွန်သင်ချက်များအား မည်သို့ ဆက်သွယ်ပြောဆိုရမည်ကို လေ့လာသင်ယူပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ အမှတ်ရရန် လိုပါသည်။ ထိုအကြောင်းကြောင့်ပင် အသင်းတော်ဖခင်များကာလ ဓမ္မပညာရှင်များသည် ပလေတိုသစ်ဝါဒ ဝေါဟာရများအရသော်၎င်း၊ ကျောင်းတော် ဓမ္မပညာရှင်တို့သည် အရစ္စတိုတယ် အသုံးအနှုန်းများအရသော်၎င်း မိမိတို့ကိုယ်မိမိတို့ ဖော်ပြကြခြင်းဖြစ်သည်။ ပရိုတက်စတင့် ဓမ္မပညာရှင်တို့သည်လည်း အစောပိုင်းကာလ အသုံးအနှုန်းများသုံးသည်သာကမ သူတို့နှင့် ခေတ်ပြိုင်ယဉ်ကျေးမှုများထဲက အခေါ်အဝေါ်များကို ငှားယူသုံးစွဲသောအားဖြင့် သမ္မာကျမ်း ပြင်ပဘာသာစကား ဝေါဟာရများကို အသုံးပြုလျက် မဟာစေခိုင်းချက်ကြီးကို ဆက်လက်လိုက်နာကြသည်။

စနစ်ကျဓမ္မပညာထဲတွင် သမ္မာကျမ်းပြင်ပ ဝေါဟာရများပါရှိနေပုံကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရသည်။ သို့သော် အဓိကနည်းလမ်း သုံးခုကိုသာ စဉ်းစားကြပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မဗေဒသမားတို့သည် သူတို့အတွက်လွယ်ကူသည့် အများသုံး ဝေါဟာရများကို မွေးစားယူကြသည်။ ဒုတိယအားဖြင့် စနစ်ကျဓမ္မပညာရှင်တို့သည် သမ္မာကျမ်းပြင်ပ ဒဿနိကနှင့် ဘာသာရေး ဝေါဟာရများအပေါ် အဓိပ္ပာယ်သစ်များ သတ်မှတ်ပေးကြသည်။ တတိယအားဖြင့် သမ္မာကျမ်းပြင်ပ ဝေါဟာရများအား သမ္မာကျမ်းဖော်ပြချက်များနှင့် မကြာခဏ တွဲဖက်ပေးကြသည်။ သမ္မာကျမ်းပြင်ပ၌ အများသူငါ သာမန်ပြောဆိုလေ့ရှိသည့် ပုံစံများအား စနစ်ကျဓမ္မပညာရှင်တို့ မည်သို့ အသုံးပြုသည်ကို ဦးစွာ စဉ်းစားကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## အများသုံး ဝေါဟာရများ

ကျမ်းစာသွန်သင်ချက်များကို ရှင်းပြရန် သမ္မာကျမ်းပြင်ပ အသုံးအနှုန်းများကို ဆွဲယူအသုံးပြုရာ၌ အရိုးရှင်းဆုံးသောနည်းမှာ သူတို့၏ ယဉ်ကျေးမှုဆိုင်ရာ အများသုံးဝေါဟာရများကို မွေးစားခြင်း ဖြစ်သည်။ သို့သော်လည်း အသင်းတော် ဖခင်များကာလ၌ ဤစကားလုံးများနှင့် စကားစုတို့၏ အဝန်းအဝိုင်းကလေးသည် ထိုစဉ်ကာလ မြေထဲပင်လယ်ဒေသ ခရစ်ယာန် ပညာသည်တို့၏ အခြေခံဘာသာစကားဖြစ်သော ဂရိဟေလသ စကားမှ အဓိက ပေါ်လာခဲ့သည်။ အလယ်ခေတ်သို့ ရောက်လာသည့်အခါ ခရစ်ယာန် ပညာသည်တို့၏ အခြေခံဘာသာစကားသည် လက်တင်စကား ဖြစ်လာသည်။ ယနေ့ခေတ်တွင်မူ ခရစ်ယာန် ယုံကြည်ခြင်းတရား ထူးခြားအရေးပါစွာ ထိုးဖောက်ဝင်ရောက်ခဲ့ရာ ယဉ်ကျေးမှုများ၏ ဘာသာစကား အသီးသီးမှ အသုံးအနှုန်းများကို ခရစ်ယာန်တို့ သုံးစွဲကြပြီ ဖြစ်သည်။

အများသုံး သမ္မာကျမ်းစာဝေါဟာရများထဲက အရေးအကြီးဆုံး တစ်ခုမှာ "သုံးပါးတစ်ဆူ" ဆိုသည့် အသုံးအနှုန်း ဖြစ်သည်။ "သုံးပါးတစ်ဆူ" ဆိုသည့် စကားလုံးသည် အေဒီ ၁၈၀ ဝန်းကျင် အန္တိအုတ်မြို့သား သော်ဖိလုက သုံးပါးဖြစ်သော ဘုရားသခင်အကြောင်း ဖော်ပြရာတွင် *ထရိုင်ယာ့စ်* ဆိုသည့် ဂရိ စကားလုံးကို ပထမဆုံး သုံးရာမှ စပေါ် ခဲ့သည်။ ဤဝေါဟာရကို နောင်တွင် လက်တင်လို *တြီနီတာ့စ်* ဟု ပြန်ဆိုကြပြီး "သုံးခုစပ်" ဟု အဓိပ္ပာယ်ရသည်။ သို့သော် သုံးပါးတစ်ဆူ ဝေါဟာရကိုမူ ကျမ်းစာထဲ မည်သည့်နေရာတွင်မျှ မတွေ့ရပေ။ ဤစကားလုံးသည် ပညာရပ် စကားလုံးမဟုတ်သလို ဒဿနိက သို့မဟုတ် ဘာသာရေး အသုံးအနှုန်းလည်း မဟုတ်ပေ။ ၎င်းသည် သုံး ဂဏာန်းအတွက် အများသုံးစကားမှ ထွင်ယူသည့် စကားလုံးတစ်လုံးမျှသာ ဖြစ်သည်။ အဆုံးသတ်တွင် ဤသမ္မာကျမ်းပြင်ပ ဝေါဟာရသည် ယင်း၏အောက်၌ ကျမ်းစာက ဘုရားသခင်အား တခါတရံ တစ်ဆူတည်း၊ တခါတရံ ပုဂ္ဂိုလ် သုံးပါးအဖြစ် ပြောဆိုကြောင်း ဓမ္မပညာရှင်တို့ ဖော်ပြရာ ခေါင်းစဉ်ကြီး ဖြစ်လာခဲ့သည်။ အေဒီ ၃၈၁ ပထမ ကွန်စတန်တီနိုပယ်လ်ကောင်စီ၌ သင်းအုပ် ဘုန်းတော်ကြီးများက ယခုလို ဖော်ပြခဲ့ကြသည်-

> ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့သည် ပြီးပြည့်စုံသော ပုဂ္ဂိုလ်သုံးပါးအဖြစ်၌ တစ်လုံးတစ်ဝ ဖြစ်တည်လျက် အနှစ်သာရ၊ တန်ခိုးတို့၌ တစ်ခုတည်း ဖြစ်ကြပြီး တူညီသော ဘုန်းအသရေခံစားထိုက်သည့် ဂုဏ်သိက္ခာရှိကြကာ အတူတကွ ထာဝရ ပိုင်သအုပ်စိုးလျက်ရှိကြသည်။

အတိတ်ကာလမှာရော ပစ္စုပ္ပန် ကာလမှာပါ အသင်းတော်သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့အကြား ဆက်နွယ်မှုနှင့် စပ်လျဉ်း၍ မှားယွင်းသော သွန်သင်ချက်များစွာကို ရင်ဆိုင်နေရသည်။ အလွယ်ဆိုပါက အချို့အုပ်စုတို့က ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့ တစ်လုံးတစ်ဝ ဖြစ်မှုအပေါ် ပိုမိုအလေးပေးလိုကြပြီး အချို့ကမူ ကွဲပြားမှုအပေါ် ပိုမိုအလေးပေးလိုကြသည်။

ဘုရားသခင့် ဇာတိအဖြစ်တော်သည် ကွဲပြားမှု၌ တစ်လုံးတစ်ဝဖြစ်နေကြောင်း ကျမ်းစာသွန်သင်ချက် အလုံးစုံကို ထင်ဟပ်ရန်အတွက် သမ္မာကျမ်းအခြေခံသြဝါဒများကို ယုံကြည်ဝန်ခံကြသော ခရစ်ယာန်တို့သည် "သုံးပါးတစ်ဆူ"ကဲ့သို့သော သမ္မာကျမ်းပြင်ပ ဝေါဟာရအား ဘုရားသခင်သည် "ပြီးပြည့်စုံသော ပုဂ္ဂိုလ်သုံးပါး" ဖြစ်သော်လည်း "တန်ခိုး၊ အနှစ်သာရ" အရာတွင် တစ်ဆူတည်း ဖြစ်ကြောင်း ဖော်ပြရန်အတွက် ပညာရပ်ဆိုင်ရာဝေါဟာရအဖြစ် သုံးစွဲကြသည်။ ဤသမ္မာကျမ်းပြင်ပ ဝေါဟာရကို သုံးခြင်းသည် ဖြစ်တည်နေသော အရေးအရာများကို ရှင်းပြရန် အထောက်အကူ ဖြစ်စေသည်။ ဘုရားသခင်သည် သုံးပါးတစ်လုံးတစ်ဝဘုရား ဖြစ်သည်။

ဒုတိယအားဖြင့် စနစ်ကျဓမ္မပညာရှင်တို့သည် ခရစ်ယာန်မဟုတ်သော ဒဿနိကနှင့် ဘာသာရေး ဆွေးနွေးချက်များမှာ သုံးသည့် သမ္မာကျမ်းပြင်ပ အသုံးအနှုန်းများအတွက် အဓိပ္ပာယ်သစ် ဖန်တီးမှုများကိုလည်း လုပ်ဆောင်ကြသည်။ အဆိုပါ ဝေါဟာရများကို မွေးစားယူပြီး ယင်းတို့၏ အဓိပ္ပာယ်များကို ပြောင်းလဲခြင်းဖြင့် ယင်းတို့သည် ခရစ်ယာန်သွန်သင်ချက်များနှင့် လိုက်လျောညီထွေမှုရှိစွာ ရှင်းလင်းဖော်ပြပေးနိုင်ကြသည်။

## ဒဿနိကဆိုင်ရာ အသုံးအနှုန်း

စနစ်ကျဓမ္မပညာ၏ စကားရပ်များစွာသည် သမ္မာကျမ်းပြင်ပရှိ ဘာသာရေးနှင့် ဒဿနိကအရင်းအမြစ်များမှ လာကြောင်း ဧဝံဂေလိယုံကြည်သူ ခရစ်ယာန်တို့ နားလည်ကြသည့်အခါ မကြာခဏ ကန့်ကွက်မှုများ ရှိလာသည်။ ထို့ကြောင့် ခေတ္တအချိန်ယူပြီး သုံးသပ်ချက် တစ်ခု နှစ်ခု ပေးလိုပါသည်။ သမ္မာကျမ်းစာထဲမတွေ့ရသည့် ဝေါဟာရတို့ကို သုံးခြင်းဖြင့် ဓမ္မပညာရှင်တို့ လမ်းလွဲသွားမှာကို ကျွန်ုပ်တို့ စိုးရိမ်ကြတာ မှန်ပါသည်။ အမှန်စင်စစ် ခရစ်ယာန် ဓမ္မပညာအတွင်း မှားယွင်းသော သာသနာပ သဘောအယူအဆများ ထိုးဖောက်ဝင်ရောက်မလာစေရန် ကျွန်ုပ်တို့ အမြဲတစေ ကာကွယ်နေရမှာ ဖြစ်ပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် သမ္မာကျမ်းစာသည် သူတို့၏ အဆင့်အမြင့်ဆုံးနှင့် နောက်ဆုံး တရားသူကြီးဖြစ်ကြောင်း စနစ်ကျဓမ္မဗေဒသမားတို့ စွဲမှတ်နေသရွေ့ သမ္မာကျမ်းပြင်ပ နှင့် ဒဿနိကအသုံးအနှုန်းတို့က အထောက်အကူ ဖြစ်စေနိုင်ပါသည်။

တမန်တော် အခန်းကြီး ၁၇ မှာ သမ္မာကျမ်း ဇာတ်ကောင်တစ်ဦး ဤသို့ လုပ်ဆောင်ခဲ့သည့် သာဓကကို တွေ့ရသည်။ ဤသည် အေသင်မြို့အာရေတောင်ရှိ လူပရိသတ်တို့အား ရှင်ပေါလု တရားဟောချက်ပါရှိရာ ထင်ရှားသော ကျမ်းပိုဒ်ဖြစ်သည်။ သူ့ဟောပြောချက် တစ်နေရာ၌ ဂရိလက်ာတစ်ပုဒ်ကို ရှင်ပေါလုက အပြုသဘော ကိုးကားခဲ့သည်။ တမန်တော် ၁၇း၂၈-၂၉ ပါ သူ့ပြောစကားများကို နားထောင်ကြည့်ပါ-

> သင်တို့တွင် လင်္ကာဆရာအချို့တို့က "ငါတို့သည်ကား၊ နွယ်တော်သားပင်၊ ဘုရားမျိုးပေ၊ ဖြစ်ကြလေ" ဟု စပ်ဆိုသတည်း။ ထိုသို့ငါတို့သည် ဘုရားသခင်၏ အမျိုးအနွယ် ဖြစ်လျက်နှင့် လူတို့၏ အတတ်အကြံအစည်အားဖြင့် ထုလုပ်သော ရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ရုပ်တုနှင့် ဘုရားသခင်တူတော်မူသည်ဟု မထင်မမှတ်အပ် (တမန်တော် ၁၇:၂၈-၂၉)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

"ငါတို့သည် ဘုရားမျိုးဖြစ်ကြသည်" ဆိုသည့် အသုံးအနှုန်းအား မတူညီသော ကာလများ၌ ကဗျာရေးခဲ့ကြသော ကလင်သေးစ် နှင့် အာရေတပ်စ် ဆိုသည့် ဂရိလက်ာဆရာ နှစ်ဦးက ယခင်ကပင် သုံးခဲ့ကြပြီး ဖြစ်သည်။ သို့သော် အခန်းငယ် ၂၈တွင် ဤသာသနာပ အသုံးအနှုန်းအား ရှင်ပေါလုက မိမိကိုယ်ပိုင်အဖြစ် စိတ်ချလက်ချ မွေးစားယူခဲ့သည်။ ကလင်သေးစ်နှင့် အာရေတပ်စ်တို့က အမှန်အားဖြင့် သမ္မာကျမ်းထဲက ဘုရားကို မရည်ညွှန်း၊ ဂရိနတ်ဘုရားတို့၏ အကြီးအမှူး ဇီးယပ်စ်ကို ရည်ညွှန်းခြင်းသာဖြစ်သည်။ သို့သော် အဆိုပါ ဂရိလက်ာ အသုံးအနှုန်းအား ခရစ်ယာန်ရှုထောင့်မှ မတူကွဲပြားသည့် အဓိပ္ပာယ်သစ်တစ်ခုပေးကာ လူသားမျိုးနွယ်ကို ဖန်ဆင်းသောဘုရားသည် ဇီးယပ်စ်မဟုတ်၊ ခရစ်ယာန်တို့ ကိုးကွယ်သည့် ဘုရားသာဖြစ်ကြောင်း အခိုင်အမာဆိုခဲ့သည်။

ရှင်ပေါလု၏ သာဓကကို လိုက်၍ စနစ်ကျဓမ္မဗေဒသမားတို့သည်လည်း သမ္မာကျမ်း သဘောအယူအဆတို့ကို ဖော်ပြရန် ပြန်လည်ပြုပြင်နေသရွေ့ သာသနာပတို့၏ ဘာသာရေးနှင့် ဒဿနအသုံးအနှုန်းများကို မွေးစားနိုင်ပေသည်။

ဤသို့ဖြစ်ပျက်ခဲ့သည့် မှတ်သားဖွယ်ကာလတစ်ခုမှာ "ခရစ်တော်ဗေဒ" (ဝါ) ခရစ်တော်အကြောင်း သွန်သင်ချက် ဩဝါဒကာလလောက်က ဖြစ်သည်။ အေဒီ၄၅၁ ဝန်းကျင် ချယ်ဆီဒွန် ကောင်စီ၌ ခရစ်တော်အကြောင်း အငြင်းအခုံဖြစ်မှုအပေါ် အသင်းတော်၏ တုန့်ပြန်မှုကို နားထောင်ကြည့်ပါ။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> (ခရစ်တော်သည်) ဘုရားစစ်စစ် ဖြစ်ပြီး လူသားစစ်စစ်လည်း ဖြစ်၍ ရှုပ်ထွေးခြင်းကင်းသော၊ ပြောင်းလဲခြင်းမရှိသော၊ ကွဲပြားခြင်းမရှိသော၊ ကင်းကွာခြင်းမရှိသော၊ တစ်လုံးတစ်ဝဖြစ်မှုကြောင့် သဘာဝနှစ်မျိုးကွဲလွဲ ဖြစ်တည်မှုကို အလျင်း ပယ်ဖျက်ရာမရောက်ပဲ သဘာဝတစ်ခုစီ၏ သွင်ပြင်လက္ခဏာတို့သည် တည်တံ့မြဲမြဲလျက်၊ လူပုဂ္ဂိုလ် တစ်ဦးတည်းအဖြစ် အတူတကွ ပေါင်းစည်းကာ အချင်းချင်း တည်မှီထောက်မလျက်၊ ပုဂ္ဂိုလ်နှစ်ဦးအဖြစ်သို့လည်း ကွဲကွာနေခြင်းမရှိ၊ သီးခြားဖြစ်နေခြင်းလည်း မရှိသည့် သဘာဝနှစ်မျိုး၌ တည်ရှိနေကြောင်း ဝန်ခံသိမှတ်သည်။

ဤဖော်ပြချက်သည် သမ္မာကျမ်း အသုံးအနှုန်းများနှင့် မတူညီသော စကားလုံးများဖြင့် ခရစ်တော်ကို ဖော်ပြခြင်း ဖြစ်သည်။ ကောင်စီသည် သမ္မာကျမ်းပြင်ပအရင်းအမြစ် စကားလုံးများကို သုံးပြီး ခရစ်တော်၏ သဘာဝများကို ရှင်းပြသည်။ ခရစ်တော်၏ သဘာဝတို့ မတူညီကွဲပြားကြောင်း၊ "ရှုပ်ထွေးရောယှက်ခြင်းမရှိ" ဖြစ်တည်နေသဖြင့် တစ်ခုကို တစ်ခုက အပြောင်းအလဲ မဖြစ်စေကြောင်း၊ "ပြောင်းလဲခြင်းမရှိ" ဖြစ်တည်နေသော်လည်း ခရစ်တော်၏ ပုဂ္ဂိုလ်တစ်ပါးတည်း အဖြစ်၌ မကွဲမကွာ၊ မခွဲမခွာဘဲ တစ်လုံးတစ်ဝ ဖြစ်တည်နေကြောင်း၊ "ကွဲပြားခြင်းမရှိ" "ကွဲကွာကင်းကွာခြင်းမရှိ" ကြောင်းကိုလည်း ကောင်စီက ရှင်းပြသည်။ အမှန်စင်စစ် အထက်ပါနောက်ခံအတွင်း "ပုဂ္ဂိုလ်" ဟု သုံးထားသော စကားရပ်သည်ပင်လျှင် ထိုခေတ်အခါက တစ်ဦးချင်း၏ ဖြစ်တည်မှုအတွက် တရားဝင်သုံးစွဲသည့် ဥပဒေစကားရပ် "ပုဂ္ဂိုလ်" ကို ငှားရမ်းသုံးစွဲခဲ့ဖွယ်ရှိသည်။

ဤပညာရပ်ဆိုင်ရာ ဘာသာစကားသည် ကျမ်းစာထဲကမဟုတ်သော်လည်း ကျမ်းစာနှင့် ညီထွေမှု ရှိသည်။ တစ်ချိန်တည်းမှာပင် ခရစ်တော်အကြောင်း အသင်းတော်၏ သွန်သင်ချက်ကို ဆက်သွယ်ပြောဆိုရာတွင် တိကျမှုရှိရန်လည်း လိုအပ်သည်။

တတိယအားဖြင့် စနစ်ကျဓမ္မဗေဒသမားတို့သည် သူတို့၏ ပညာရပ်ဆိုင်ရာ ဓမ္မဝေါဟာရများကို ဖွဲ့စည်းတည်ဆောက်ရန်အတွက် သမ္မာကျမ်း စကားလုံးများနှင့် သမ္မာကျမ်းပြင်ပစကားလုံးများကို တွဲဖက်ကြသည်များလည်းရှိသည်။

## တွဲဖက်ထားသော အသုံးအနှုန်း

အဆိုပါ တွဲလုံးပုံစံမျိုးသည် နည်းလမ်း အမျိုးမျိုးဖြင့် ဖြစ်ပေါ်ကြသည်။ အချို့နည်းလမ်းတို့သည် အခြားနည်းလမ်းတို့ထက် ပိုမိုထူးခြားသည်။ သို့သော် ရှင်းလင်းသော သာဓကတစ်ခုကို သန့်ရှင်းခြင်း အကြောင်း သွန်သင်ချက်သြဝါဒမှာ တွေ့ရသည်။ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသလိုပင် သန့်ရှင်းခြင်း ဝေါဟာရအား ဓမ္မသစ်ထဲ၌ နည်းလမ်းအမျိုးမျိုးဖြင့် သုံးထားသည်။ ဤဝေါဟာရ သုံးစွဲမှုများသည် သမ္မာကျမ်းလာ သန့်ရှင်းခြင်း ဝေါဟာရအား သမ္မာကျမ်းထဲကမဟုတ်သည့် နာမဝိသေသနများနှင့် တွဲဖက်သည့် အခြေအနေများကို ပေါ်ပေါက်စေသည်။ ပထမအားဖြင့် ၁ကော ၆း၁၁ တွင် *ဟာဂီယားဇို* ဆိုသည့် ကြိယာသည် ခရစ်တော်အား ကျား/မ မဟူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပထမဆုံး ယုံကြည်လိုက်ချိန်တွင် သက်ရောက်သော ပြောင်းလဲမှုကို ဖော်ပြသည်။ ဒုတိယအားဖြင့် ၁သက် ၄း၃ ၌ ကြိယာ *ဟာဂီယားဇို* အား ခရစ်ယာန်များ မိမိတို့အသက်တာ၌ တွေ့ကြုံခံစားနေရမည့် သန့်ရှင်းခြင်း၌ အစဉ်မပြတ် ဆက်လက်ဖြစ်ပေါ်နေရမည့် ကြီးပွားမှုအဖြစ် ဖော်ပြထားကြောင်း ကျွန်ုပ်တို့ တွေ့ရပြီး ဖြစ်သည်။

စနစ်ကျဓမ္မဗေဒသမားတို့သည် သန့်ရှင်းခြင်းအကြောင်း ပုံစံအမျိုးမျိုးနှင့် ပြောဆိုခြင်းဖြင့် သန့်ရှင်းခြင်း ဆိုင်ရာသြဝါဒသွန်သင်ချက်ကို ရှင်းလင်းပြတ်သားအောင် လုပ်ဆောင်ထားကြပြီး ဖြစ်သည်။ လူတစ်ဦး ခရစ်တော်ကို ပထမဆုံး ယုံကြည်လက်ခံသည့်အခါ ဖြစ်ပေါ်သည့် သန့်ရှင်းခြင်းအား "အကြွင်းမဲ့ သန့်ရှင်းခြင်း" ဟု သူတို့ပြောဆိုကြပြီး "အကြွင်းမဲ့" ဆိုသည့် ကျမ်းပြင်ပစကားလုံးနှင့် "သန့်ရှင်းခြင်း" ဆိုသည့် ကျမ်းစကားလုံးတို့ကို တွဲဖက်ပေးခြင်းဖြင့် ယင်းသန့်ရှင်းခြင်းမျိုးသည် တစ်ကြိမ်တည်းနှင့် အမြဲတမ်းအတွက်ဖြစ်ကြောင်း ပြညွှန်သည်။ ထို့ပြင် ၎င်းသည် လူတစ်ဦးအား လောကနှင့် အဆက်ဖြတ်ပြီး ဘုရားသခင့်ထံ ဆက်ကပ်ရာ သန့်ရှင်းသည့် အခြေအနေထဲသို့ ရွှေ့ပြောင်းပေးလိုက်ခြင်းလည်း ဖြစ်သည်။ "တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းခြင်း" ဆိုသည့် စကားရပ်အား သန့်ရှင်းခြင်း အသက်တာ၌ ကြီးပွားခြင်း၊ လောကနှင့် အဆက်ဖြတ်ပြီး ဘုရားသခင့်ထံ တစ်သက်တာ ဆက်ကပ်မှု၌ ကြီးပွားခြင်းတို့ အဆက်မပြတ် တိုးတက်ခံစားရပုံကို ဖော်ပြရန် အသုံးပြုသည်။ ဤအမှုတွင် "သန့်ရှင်းခြင်း" စကားလုံးသည် သမ္မာကျမ်းထဲက ဖြစ်သည်။ သို့သော် "တိုးတက်ဖြစ်ပေါ်သော" ဆိုသည့်စကားလုံးသည် ကျမ်းစာပြင်ပမှ လာသည်။ သင်စိတ်ကူးမိနိုင်သလိုပင် အဆိုပါ ပညာရပ်ဝေါဟာရများကို တွဲဖက်အသုံးပြုခြင်းသည် များစွာအသုံးဝင်နိုင်ပေသည်။ သန့်ရှင်းခြင်း ဟု သာမန် ဆိုရုံမျှမဟုတ်ဘဲ အရည်အချင်း သတ်မှတ်ချက်များထည့်ပေးခြင်းဖြင့် ဓမ္မပညာရှင်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ပြောလိုရာကို နားလည်လွယ်စေသည်။ ယင်းတို့သည် ကျမ်းစာထဲ "သန့်ရှင်းခြင်း" စကားရပ် သုံးစွဲပုံ အမျိုးမျိုးကြား ခွဲခြားသိမြင်ရန်လည်း လွယ်ကူစေသည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာရှင်များသည် ပညာရပ် ဝေါဟာရများကို အခြေခံနည်းလမ်းနှစ်ခုဖြင့် ဖွဲ့စည်းတည်ဆောက်ကြကြောင်း တွေ့ရသည်။ ကျမ်းစာထဲက ယူတာရှိသလို ကျမ်းစာအပြင်ကလည်း သူတို့ ယူကြသည်။ အဆိုပါ နည်းလမ်းများအရ ဓမ္မပညာရှင်တို့သည် သူတို့၏ ဆွေးနွေးချက်များကို ရှင်းလင်းပေးမည့်၊ စနစ်ကျ ဓမ္မပညာတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်များအဖြစ် အသုံးခံမည့် ဝေါဟာရများကို ပြင်ဆင်ပေးသည်။

ယခုတွင် စနစ်ကျဓမ္မပညာအတွင်း ပညာရပ်ဝေါဟာရများနှင့် ယေဘုယျသဘော မိတ်ဆက်ကျွမ်းဝင်မှု ရှိထားပြီး ယင်းတို့အား မည်သို့ ဖွဲ့စည်းတည်ဆောက်ထားကြောင်း တွေ့ပြီး ဖြစ်ရကား ကျွန်ုပ်တို့၏ တတိယခေါင်းစဉ်ဖြစ်သည့်ပညာရပ်ဝေါဟာရများ၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံ အကြောင်းအရာထံ လှည့်ကြပါစို့။

# ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ

စနစ်ကျ ဓမ္မပညာအတွင်း ကျွန်ုပ်တို့တွေ့ရသည့် အထူးသီးသန့် စကားလုံးများနှင့် စကားစုများကပေးသည့် ကောင်းကျိုးနှင့် မကောင်းကျိုးများမှာ အဘယ်နည်း။ ယခုအချိန်ထိ ကျွန်ုပ်တို့ သင်ခန်းစာအတွင်း ပညာရပ် ဝေါဟာရ အကြောင်းအရာတစ်ခုလုံး နှင့် စပ်လျဉ်း၍ သင်တို့အများစု၌ ခံစားချက်အမျိုးမျိုး ကွဲနေမည်မှာ သေချာပါသည်။ အချို့သူတို့မှာ ယင်းအကြောင်း လေ့လာရန် အသင့်ဖြစ်နေနိုင်သော်လည်း အခြားသူတို့မှာမူ ဤမျှလောက် ခက်ခဲရှုပ်ထွေးသည့် အကြောင်းအရာတစ်ခုအတွက် ဒုက္ခခံသင့် မသင့် စဉ်းစားနေနိုင်ပါသည်။ ကောင်းပါပြီ။ ကျွန်ုပ်တို့တွေ့ကြမည်ဖြစ်သလို စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရတို့က ကျွန်ုပ်တို့အတွက် မည်သို့ ထောက်ကူသည်ဆိုသည့်အပေါ် လျော့မတွက်သင့်သလို ပုံကြီးမချဲ့မိရန်လည်း အရေးကြီးပါသည်။ ဟန်ချက်ညီစွာ ရှုမြင်ရန်အတွက် အပြုသဘော၊ အနှုတ်သဘော နှစ်ခုလုံးကြည့်တတ်ရပါမည်။ အကြောင်းမှာ ပညာရပ်ဝေါဟာရများက ကောင်းကျိုးရော ဆိုးကျိုးကိုပါ သိသာထင်ရှားစွာ ပေးနိုင်၍ ဖြစ်သည်။

ဤကိစ္စကို လေ့လာဖော်ထုတ်ရန် ခရစ်ယာန် ဓမ္မပညာတည်ဆောက်မှုအတွက် အဓိကကျသည့် အရင်းအမြစ် သုံးခုနှင့် ဆက်နွယ်နေသည့် စနစ်ကျဓမ္မဗေဒ သီးသန့်ဝေါဟာရများကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ သီးသန့် ဗျာဒိတ်ဖွင့်ပြချက်နှင့် ယေဘုယျ ဗျာဒိတ်ဖွင့်ပြချက်များမှ ခရစ်ယာန်များ သင်ယူနိုင်မည့် အဓိကကျသည့် နည်းလမ်းသုံးခုအား ဘုရားသခင် ပေးကမ်းထားကြောင်း အခြားသော သင်ခန်းစာများထဲ၌ ကျွန်ုပ်တို့ အကြိမ်ကြိမ်ပြုထားပါသည်။ ခရစ်ယာန် ဓမ္မပညာတည်ဆောက်ရေးအတွက် မရှိမဖြစ် အရင်းအမြစ် ဖြစ်သော သမ္မာကျမ်းစာကို ဂရုတစိုက် အနက်ဖွင့်ခြင်းဖြင့် အထူးသီးသန့် ဗျာဒိတ်ဖွင့်ပြချက်အကြောင်း ကျွန်ုပ်တို့ သိနားလည်နိုင်သည်။ ထိုထက်မက အခြားသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အရင်းအမြစ်နှစ်ခုအပေါ်မှာ အလေးပေးအာရုံစိုက်စေခြင်းဖြင့် ယေဘုယျ ဗျာဒိတ်ဖွင့်ပြချက်ကပေးသော အခွင့်အရေးကို ရယူရန်အတွက်လည်း ကျွန်ုပ်တို့ကို ဘုရားသခင် အလိုရှိပါသည်။ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံပြီး အခြားသူတို့ထံမှ၊ အထူးသဖြင့် အခြားသော ခရစ်ယာန်တို့ထံမှ သင်ယူခြင်းဖြင့် ယေဘုယျ ဗျာဒိတ်ဖွင့်ပြချက်၏ ရှုထောင့်တစ်ခုအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြသည်။ ထို့ပြင် ခရစ်ယာန် အသက်ရှင်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ တစ်ကိုယ်ရည်သန့်ရှင်းခြင်း၌ ကြီးပွားမှုကို ကျွန်ုပ်တို့ ရှာဖွေရင်း ခရစ်တော်အတွက် အသက်ရှင်ရာ၌ ကျွန်ုပ်တို့ တစ်ကိုယ်ရည် တွေ့ကြုံရသည့်အရာများကို အာရုံစိုက်ခြင်းဖြင့်လည်း ယေဘုယျဗျာဒိတ်ဖွင့်ပြချက်၏ နောက်ထပ် အရေးကြီး မျက်နှာစာ တစ်ခုအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြသည်။

ကျွန်ုပ်တို့ စဉ်းစားသမျှအကြောင်းအရာများအတွက် ဖြည့်ဆည်းထောက်ကူမှုပေးသော အဆိုပါ အရင်းအမြစ်တို့ကို လေ့လာဖော်ထုတ်ခြင်းသည် တာဝန်ခံမှုရှိသော ခရစ်ယာန် ဓမ္မပညာတစ်ရပ်ကို ကျွန်ုပ်တို့တည်ဆောက်ရာ၌ အထောက်အကူ ရရှိသည်။ ကျမ်းစာ အနက်ဖွင့်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းများနှင့် ခရစ်ယာန် အသက်ရှင်ခြင်းတို့အကြား အချင်းချင်း သဟဇာတဖြစ်မှုသက်သေတို့က အရေးကိစ္စတစ်ခုအပေါ်၌ သြဇာလွှမ်းမိုးလာသည့်အခါ အဆိုပါ ကိစ္စနှင့် စပ်လျဉ်းသော ကျွန်ုပ်တို့၏ ဝန်ခံအပ်နှံမှုနှင့် စိတ်ချမှုတို့သည်လည်း သာမန်အားဖြင့် ကြီးပွားလာရပေသည်။ သို့သော် အဆိုပါ သက်သေများ မညီမညွတ်ဖြစ်လျက် အရေးပါမှုကို မပေးနိုင်သည့်အခါ စဉ်းစားနေသည့် အကြောင်းအရာတစ်ခုအတွက် ကျွန်ုပ်တို့၏ ဝန်ခံအပ်နှံမှုနှင့် စိတ်ချမှုတို့သည်လည်း အထိုက်အလျောက် လျော့နည်းရတော့သည်။ အနက်ပြန်ဆိုမှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် ခရစ်ယာန်အသက်ရှင်ခြင်းတို့လို အချင်းချင်း အကြီးအကျယ် မှီခိုထောက်ကူနေကြသော အဆိုပါ အရင်းအမြစ်များသည် ခရစ်ယာန် ဓမ္မပညာကို ကျွန်ုပ်တို့တည်ဆောက်ရာ၌ ပုံစံမျိုးစုံဖြင့် ကျွန်ုပ်တို့ကို ထောက်ကူသည်။

အဆိုပါအရင်းအမြစ်တို့သည် အလွန်ပင် အရေးပါလှရကား တစ်ခုချင်းစီအရ စနစ်ကျဓမ္မပညာရှိ ပညာရပ်ဝေါဟာရများ၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် ပညာရပ်ဝေါဟာရများနှင့် ခရစ်ယာန် အသက်ရှင်ခြင်းတို့ကိုငင်း၊ ဒုတိယအားဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် စပ်လျဉ်းသော ပညာရပ်ဝေါဟာရများကိုငင်း၊ တတိယအားဖြင့် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းတို့နှင့် နှီးနွယ်၍ငင်း လေ့လာကြပါမည်။ ပထမအားဖြင့် ခရစ်ယာန်အသက်ရှင်ခြင်း၏ ဓမ္မပညာဆိုင်ရာ အရင်းအမြစ်ကို ကြည့်ကြပါစို့။

## ခရစ်ယာန်အသက်ရှင်ခြင်း

ခရစ်ယာန်အသက်ရှင်ခြင်းသည် ပုဂ္ဂိုလ်ရေးရာ သန့်ရှင်းခြင်း ဖြစ်စဉ်ဖြစ်ကြောင်း ပြီးခဲ့သည့် သင်ခန်းစာထဲ သင်ပြန်အမှတ်ရပါလိမ့်မည်။ ဤပုဂ္ဂိုလ်ရေး သန့်ရှင်းခြင်းသည် အနည်းဆုံး အဆင့်သုံးဆင့်ခွဲခြား ဖြစ်ပေါ်သည်။ သဘောအယူအဆအဆင့်၊ ပြုမူကျင့်ကြံမှုအဆင့်၊ စိတ်ခံစားမှုအဆင့်တို့ ဖြစ်ကြသည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့ ဖော်ပြခဲ့သလို သန့်ရှင်းခြင်းတွင် အခြေခံ ယုံကြည်ခံယူမှုအပိုင်း၊ အခြေခံကျင့်ထုံးပိုင်းနှင့် အခြေခံ ခံစားမှုရသအပိုင်းတို့၌ တိုးချဲ့ဖြစ်ပေါ်မှုများ

ပါဝင်သည်။ ယခုတွင် ခရစ်ယာန် အသက်ရှင်ခြင်း၏ အဆိုပါရှုထောင့်နယ်ပယ်သုံးခုသည် တစ်ခုနှင့်တစ်ခု အလွန်ပင် မှီခိုထောက်ကူနေကြပြီး အပြန်အလှန် ချိတ်ဆက်မှုကွန်ရက်များကိုလည်း အမျိုးစုံလင်စွာ ဖွဲ့တည်စေလျက်ရှိနေသည်။ အခြေခံယုံကြည်ခံယူမှု (ဝါ) မှန်သောတွေးခေါ်ခြင်းသည် ကျွန်ုပ်တို့၏ ကျင့်ကြံပြုမူမှု (အခြေခံကျင့်ထုံး) နှင့် ကျွန်ုပ်တို့၏ စိတ်ခံစားချက်များ (အခြေခံခံစားမှုရသ) တို့အပေါ် သက်ရောက်မှုရှိသည်။ ကျွန်ုပ်တို့၏ ပြုမူကျင့်ကြံမှု (အခြေခံကျင့်ထုံး) သည်လည်း အကြောင်းကိစ္စရပ်တို့ကို ကျွန်ုပ်တို့ ရှုမြင်နားလည်ပုံ (အခြေခံယုံကြည်ခံယူမှု) နှင့် ကျွန်ုပ်တို့ မည်သို့ ခံစားသည် (အခြေခံခံစားမှုရသ) တို့အပေါ် ဩဇာလွှမ်းသည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့၏ ခံစားချက်များ (အခြေခံခံစားမှု ရသ) သည်လည်း ကျွန်ုပ်တို့ မည်သို့ ကျင့်ကြံပြုမူသည် (အခြေခံကျင့်ထုံး) နှင့် မည်သို့တွေးခေါ်သည် (အခြေခံယုံကြည်ခံယူမှု) တို့အပေါ် နက်နက်ရှိုင်းရှိုင်း ဩဇာလွှမ်းသည်။

ဤအချင်းချင်း အညမညဖြစ်နေမှုအပေါ် ပညာရပ်ဝေါဟာရတို့၏ အကျိုးသက်ရောက်ပုံ နည်းလမ်းရှိသမျှကို လေ့လာဖို့ ကျွန်ုပ်တို့ အချိန်မရနိုင်ပါ။ ထို့ကြောင့် ခရစ်ယာန်အသက်ရှင်ခြင်းကို အားပေးမြှင့်တင်သည့် အဓိကနည်းလမ်းတစ်ခုနှင့် ဟန့်တားသော အဓိကနည်းလမ်းတစ်ခုတို့ကိုသာလျှင် ကျွန်ုပ်တို့ ကန့်သတ်လေ့လာကြပါမည်။ စနစ်ကျဓမ္မပညာ၏ သီးသန့်ဝေါဟာရသည် ခရစ်တော်အတွက် အသက်ရှင်မှုကို အားပေးမြှင့်တင်သော အပြုသဘောဆောင်နိုင်ကြောင်း နည်းလမ်းတစ်ခုကို ဦးစွာ ကြည့်ကြပါမည်။

## အားပေးမြှင့်တင်မှု

ခရစ်ယာန်အသက်ရှင်ခြင်းအတွက် ပညာရပ်ဝေါဟာရ လေ့လာမှု၏ အရေးအပါဆုံး ကောင်းကျိုးတစ်ခုမှာ ခက်ခဲရှုပ်ထွေးသော သမ္မာကျမ်းသွန်သင်ချက်များအတွက် ရိုးရှင်းသော အကိုးအကားများအဖြစ် အသုံးခံခြင်းဖြစ်သည်။ ပထမတွင် စနစ်ကျဓမ္မပညာ၌ ပါရှိနေသော သီးသန့်အသုံးအနှုန်းများ စာရင်းသည် ကြောက်ဖွယ်ကောင်းနိုင်သည်။ များပြားလွန်းသဖြင့် မှတ်မိရန် ခက်ခဲသည့်ပုံရှိသည်။ သို့သော် အချိန်တစ်ခုရောက်သည့်အခါ အကြောင်းအရာတို့ကို ပိုမိုရိုးရှင်းလာစေသည့် အကျိုးထူးကြီးကို ပညာရပ်ဝေါဟာရတို့က အမှန်ပင် ပေးအပ်လာတော့သည်။ ပညာရပ်ဝေါဟာရတစ်ခုကို အလျင်အမြန် ကိုးကားလိုက်ရုံဖြင့်သိမ်မွေ့ရှုပ်ထွေးသော သမ္မာကျမ်းသွန်သင်ချက်တို့ကို ကျွန်ုပ်တို့ ပြန်အမှတ်ရပြီး ကျွန်ုပ်တို့၏ အတွေး၊ အပြုအမူနှင့် စိတ်ခံစားချက်များအတွက် လက်တွေ့အသုံးချနိုင်သည်။

စနစ်ကျဓမ္မပညာ ဝေါဟာရ ဗဟုသုတ များများစားစားမရှိသူတစ်ဦးအကြောင်း ခဏလောက် စိတ်ကူးကြည့်ပါ။ သာဓကအားဖြင့် အံ့ဩဖွယ်ကောင်းမည်ဆိုက ကောင်းလောက်အောင်ပင် "ယေရှုသည် ဘုရားဟုတ်သလား၊ သို့တည်းမဟုတ် ဘုရားသခင့် သားတော်လား" ဟူ၍ ခရစ်ယာန်ဖြစ်စလူများစွာက ကျွန်ုပ်ကို အကြိမ်ကြိမ်မေးခဲ့ကြပြီး ဖြစ်သည်။ ဤအကြောင်း လူတို့ဘာကြောင့် ရှုပ်ထွေးစရာရှိနိုင်သည်ကို နားလည်ရန် မခက်ပါ။ ပညာရပ်ဝေါဟာရများအကြောင်း နားမလည်ဘဲ ကျမ်းစာကို သူတို့ ဖတ်သည့်အခါ သူတို့ကို ထောက်ကူနိုင်မည့်အရာအား ရယူပြီး တစ်ခြားသူကို ပေးကမ်းနိုင်မည့် အသိတရား သူတို့မှာ အဆင်သင့် မရှိထားကြပါ။ ယေရှုသည် ဘုရားသခင် ဖြစ်တော်မူကြောင်း ပြောဆိုပုံရသည့် သမ္မာကျမ်းတစ်ပိုဒ်ကို သူတို့ဖတ်ရသည်။ ယေရှုသည်

ဘုရားသခင်ထံ မိမိကိုယ်ကိုယ် ဝန်ခံအပ်နှံသော ဘုရားသခင့် သားတော် ဖြစ်ကြောင်း ပြောဆိုပုံရသည့် နောက်တပိုဒ်ကိုလည်း သူတို့ ဖတ်ရသည်။

သို့ဖြစ်ပါက ယခုလို လက်တွေ့ကျသည့် မေးခွန်းများ ပေါ်လာသည့်အခါ ခရစ်ယာန်တို့ ရှုပ်ထွေးကြသည်မှာ မထူးဆန်းပါ- "မည်သူ့ထံ ကျွန်ုပ်ဆုတောင်းရပါမည်နည်း။ ယေရှုထံလော၊ ခမည်းတော်ထံလော။ ခမည်းတော်ထံ တောင်းလျှောက်ရန် ကျွန်ုပ်တို့အား ယေရှုသွန်သင်သည်ဆိုက ခရစ်ယာန်များစွာသည် အဘယ်ကြောင့် ယေရှုထံ ဆုတောင်းကြပါသနည်း" "ခမည်းတော်ထံ တောင်းလျှောက်ရန် ကျွန်ုပ်တို့အား ယေရှုသွန်သင်သည်ဆိုက ကျွန်ုပ်တို့ အဘယ်ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ချီးမွမ်းသီဆိုကြပါသနည်း"

ဓမ္မပညာဆိုင်ရာ ပညာရပ်ဝေါဟာရအကြောင်း မသိသူတစ်ဦးအဖို့ အဆိုပါ မေးခွန်းများကို ဖြေဆိုရန်အတွက် အချိန်နှင့် ခွန်အားများစွာ ကုန်ပါလိမ့်မည်။ သမ္မာကျမ်းချက် အမြောက်အများကို သူတို့ရှာဖွေပြီး ညီညွတ်သည့် အဖြေ တစ်မျိုးမျိုး ထုတ်ဖော်ရမည်ဖြစ်သည်။ ဤလုပ်ငန်းသည် အလွန်ပင် ရှုပ်ထွေးခက်ခဲရကား နုနယ်သော ယုံကြည်သူအများစုက အလွယ်တကူ လက်လျှော့လိုက်ကြကာ အခြားသူများ လုပ်သည်ကို ကြည့်၍သာ လုပ်ကြတော့သည်။

သို့သော် စနစ်ကျဓမ္မပညာ ပညာရပ်ဝေါဟာရကို သိနားလည်သူများအနေဖြင့် မည်သို့ ဖြစ်မည်ကို ခေတ္တစဉ်းစားကြည့်ကြပါစို့။ "ယေရှုသည် ဘုရားလော၊ သို့တည်းမဟုတ် ဘုရားသားတော်လော" ဆိုသည်ကို သူတို့ ဝေခွဲမရဖြစ်သည်ဆိုပါစို့။ သို့တည်းမဟုတ် "ခမည်းတော်ထံ တောင်းလျှောက်ရမည်လော၊ သို့မဟုတ် သားတော် သို့မဟုတ် ဝိညာဉ်တော်ထံ တောင်းလျှောက်ရမည်လော" ဆိုသည်ကို သူတို့ စဉ်းစားသည် ဆိုပါက သူတို့မေးခွန်းများကို ဖြေဆိုရခြင်းသည် အလွန်ပင် ရိုးရှင်းလွယ်ကူသည့် အလုပ်သာ ဖြစ်ပေသည်။ အမှန်စင်စစ် စနစ်ကျဓမ္မပညာ ပညာရပ်ဝေါဟာရကို သိနားလည်သော ခရစ်ယာန်တို့သည် အဆိုပါ မေးခွန်းမျိုးကို ပုံမှန်အားဖြင့် ထုတ်လေ့မရှိပါ။ အကြောင်းမှာ ရိုးရှင်းသော ပညာရပ် ဝေါဟာရ "သုံးပါးတစ်ဆူ" အားဖြင့် အဖြေပေးနိုင်၍ ဖြစ်သည်။ ဤစကားရပ်၏ အဓိပ္ပာယ်ကို သတိပြုမိသူဖြစ်ပါက အလားတူ မေးခွန်းများစွာသည် ရုတ်ခြည်းဆိုသလို အဖြေရရှိပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း အခြေခံယုံကြည်ခံယူချက် အဖြေများအား အခြေခံကျင့်ထုံးနှင့် အခြေခံစိတ်ခံစားမှု ရသကဏ္ဍများ၌ အလိုအလျောက် လက်တွေ့အသုံးချနိုင်ကြမည် ဖြစ်သည်။ ခက်ခဲရှုပ်ထွေးသော အရေးအရာတို့ကို ရိုးရှင်းစေရန်နှင့် ပြန်အမှတ်ရစေသည့် စွမ်းရည်သည် ကျွန်ုပ်တို့ ခရစ်ယာန် အသက်ရှင်ခြင်းအတွက် ပညာရပ်ဝေါဟာရတို့က ပေးကမ်းသော အကြီးကျယ်ဆုံး အားပေးမြှင့်တင်မှု တစ်ခု ဖြစ်သည်။

စနစ်ကျဓမ္မပညာ၏ သီးသန့် ပညာရပ်ဝေါဟာရတို့က ခရစ်ယာန် အသက်ရှင်ခြင်းကို နည်းလမ်းအသွယ်သွယ်ဖြင့် အားပေးမြှင့်တင်နိုင်သော်လည်း ကျွန်ုပ်တို့ သန့်ရှင်းခြင်းအသက်တာအား ဟန့်တားနိုင်ကြောင်းကိုလည်း ကျွန်ုပ်တို့ သတိကပ်သင့်သည်။

## အဟန့်အတားများ

မိမိကိုယ်တိုင်နှင့် အခြားသူများ စနစ်ကျဓမ္မပညာ၏ သီးသန့်အသုံးအနှုန်းများနှင့် ပိုမိုရင်းနှီးလာကြောင်း သတိပြုမိလာသည်နှင့်အမျှ ဆိုးကျိုးတစ်ခုကလည်း မကြာခဏ ရှေ့မှာ ရောက်လာသည်။ စနစ်ကျဓမ္မဗေဒသမားတို့ သီးသန့် အသုံးအနှုန်းများကို သိခြင်းက ဝိညာဉ်မာနတက်စေနိုင်သည်။ ဓမ္မပညာလိုက်စားသည့် နုနယ်သော ကျောင်းသားများမှာ အထူးသဖြင့် ဖြစ်တတ်သည်။

အမြဲလို ပြဿနာဖြစ်တတ်သည့်ပုံစံမှာ ခုလိုဖြစ်သည်။ ဓမ္မကျောင်းသားတို့သည် ဓမ္မပညာ သီးသန့်ဝေါဟာရများကို လေ့လာရင်း ဉာဏစွမ်းအားများကို အသုံးချရင်း အလွန်အဆင်ပြေကြောင်း တွေ့လာကြသည်။ သို့သော် တစ်ချိန်တည်းမှာပင် အသင်းသားအများစုက အဆိုပါ အသေးစိတ်အချက်အလက်များကို လေ့လာသင်ယူရန် စွမ်းရည်၊ အချိန် သို့မဟုတ် စိတ်ဝင်စားမှု မရှိကြပေ။ ထို့ပြင် စနစ်ကျဓမ္မ ပညာရပ်ဝေါဟာရ မသိနားမလည်သူတို့ထက် မိမိတို့က ပိုမြင့်မြတ်ကြောင်း ဓမ္မကျောင်းသားတို့ ကိုယ့်ကိုယ်ကိုယ် ထင်မြင်စပြုလာကြသည်။ သူတို့မာနကြီးလာသည်နှင့်အမျှ ဝေါဟာရများကို တိုး၍သိလေ၊ ပိုမိုသန့်ရှင်းလာလေဟု အမှန်တကယ် ယုံလာကြတော့သည်။ သို့သော် ဤကိစ္စ မမှန်ကန်ပါ။

ကျွန်ုပ်တို့ ပြောခဲ့ပြီးသလို ခရစ်ယာန်အသက်တာတွင် တစ်ကိုယ်ရည် တိုးတက်သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့၏ အတွေးများအား သမ္မာကျမ်းစာနှင့် ကိုက်ညီစေရုံ (အခြေခံယုံကြည်ခံယူချက်များရှိရုံ) သက်သက်နှင့် မရောက်လာနိုင်ပေ။ ယုံကြည်သည့်အတိုင်း လက်တွေ့လုပ်ဆောင်ခြင်းနှင့် ယုံကြည်ခြင်းနှင့် လျောက်ပတ်ညီထွေစွာ စိတ်ခံစားခြင်းတို့သည်လည်း အရေးပါပေသည်။ အမှန်တွင် ယုံကြည်သူအများစုသည် စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရများကို မသင်ယူထားသည့် အချိန်မှာပင်လျှင် ကျေးဇူးတော်၌ ကြီးထွားမှု ရှိကြသည်။ အဆိုပါ ဗဟုသုတမျိုး မရှိဘဲနှင့်လည်း သမ္မာကျမ်းစာကို ကျွန်ုပ်တို့နားလည်ပြီး အသက်တာမှာ လက်တွေ့အသုံးချနိုင်နေဆဲ ဖြစ်သည်။

ညှင်းဆဲနှိပ်စက်ခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်း၊ ဖျားနာခြင်း ဘဝ အတွေ့အကြုံများသည် ပညာရပ်ဝေါဟာရများကို အသိတရားသက်သက် အသုံးပြုခြင်းထက်ပင် လူတစ်ဦး၏ သန့်ရှင်းခြင်းကို တိုးတက်စေနိုင်သည်။ ထို့ကြောင့် စနစ်ကျဓမ္မပညာထဲက ပညာရပ်ဝေါဟာရများ၊ စကားစုများနှင့် ရင်းနှီးကျွမ်းဝင်မှု အရေးကြီးသည်နှင့် အမျှ သီးသန့် ဝေါဟာရများကို သင်ယူထားရုံဖြင့် ခရစ်တော်၌ ကျွန်ုပ်တို့ ကြီးပွားရင့်ကျက်လာပြီ ဆိုသည့်သဘောနှင့် ကျွန်ုပ်တို့ ဝိညာဉ်မာန တက်မည်ဆိုပါက ယင်းတို့သည် ကျွန်ုပ်တို့၏ ခရစ်ယာန် အသက်ရှင်ခြင်းကိုပင် ဟန့်တားနိုင်ကြောင်း ကျွန်ုပ်တို့ သတိပြုကြရပါမည်။

ခရစ်ယာန် အသက်ရှင်ခြင်းအတွက် သီးသန့်ဝေါဟာရတို့က မည်သို့ ဆေးနှင့် ဘေး ဖြစ်စေကြောင်း သိနားလည်မှုအပြင် လူ့အဖွဲ့အစည်းအတွင်း ကျွန်ုပ်တို့၏ အပြန်အလှန် ထိတွေ့ဆက်ဆံမှုအပေါ် ယင်းတို့က မည်သို့ ရိုက်ခတ်ကြောင်းကိုလည်း ကျွန်ုပ်တို့ သတိပြုသင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းသည် ခရစ်ယာန် ဓမ္မပညာတည်ဆောက်ခြင်းအတွက် အဓိက အရင်းအမြစ်ပင် ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာက ကျွန်ုပ်တို့ထံ ပေးကမ်းနေသော ကူညီမစမှုအပေါ် ကျွန်ုပ်တို့ စူးစိုက်နိုင်ရန် ထောက်ကူ၍ ဖြစ်သည်။ ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု၏ အရေးပါသောနယ်ပယ် မျက်နှာစာ သုံးခု အကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်ပါသည်။ ခရစ်ယာန် အမွေဆက်ခံမှု၊ ပစ္စုပ္ပန် ခရစ်ယာန် လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင် စီရင်ဆုံးဖြတ်မှုတို့ ဖြစ်ကြသည်။ ခရစ်ယာန် အမွေဆက်ခံမှုဆိုသည်မှာ အတိတ်ကာလ အသင်းတော် သမိုင်းကြောင်းအတွင်း သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်မှု၏ သက်သေကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့၏ ဝိညာဉ် ဘိုးဘေးများထံ ကိုယ်တော်သွန်သင်ခဲ့သည်များကို ကျွန်ုပ်တို့ သင်ယူကြရသည်။ ကျွန်ုပ်တို့၏ ပစ္စုပ္ပန် ခရစ်ယာန်လူ့အဖွဲ့အစည်း ဆိုသည်မှာ ယနေ့ ခရစ်ယာန်တို့၏ သက်သေဖြစ်မှု၊ ကျွန်ုပ်တို့ဝန်းကျင်ရှိ အခြားယုံကြည်သူတို့ထံ သန့်ရှင်းသော ဝိညာဉ်တော် သွန်သင်နေသည့်အရာတို့ကို ကိုယ်စားပြုသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် စီရင် ဆုံးဖြတ်မှု ဆိုသည်မှာ အကြောင်းကိစ္စများအပေါ် ကျွန်ုပ်တို့၏ တစ်ကိုယ်ရည် ကောက်ချက်ချမှုများနှင့် ယုံကြည်ဝန်ခံချက်များ၏ သက်သေဖြစ်မှု၊ အခြားသူများနှင့် ကျွန်ုပ်တို့ အပြန်အလှန် ထိတွေ့ဆက်ဆံမှုအတွင်း ဝိညာဉ်တော်က ကျွန်ုပ်တို့ကို တစ်ဦးချင်း လမ်းပြသည့်အတိုင်း ကျွန်ုပ်တို့ချပြသည့် အရာများ စသည်တို့ကို ကိုယ်စားပြုသည်။ အဆိုပါ လူ့အဖွဲ့အစည်းဆိုင်ရာ ရှုထောင့်အမြင်တို့သည် ပုံစံမျိုးစုံဖြင့် အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံလျက် ရှိကြပြီး အပြန်အလှန် မှီခိုထောက်ကူမှု များပြားစုံလင်သည့် ကွန်ရက်များကိုလည်း ဖွဲ့တည်ပေးလျက်ရှိသည်။ ကျွန်ုပ်တို့ အမွေဆက်ခံရမှုက ကျွန်ုပ်တို့၏ ပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင် စီရင်ဆုံးဖြတ်မှုတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ကျွန်ုပ်တို့၏ ပစ္စုပ္ပန် လူ့အဖွဲ့အစည်းကလည်း ကျွန်ုပ်တို့၏ အမွေဆက်ခံမှုကို ကြားဝင်ဆက်စပ်ပေးပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမြင်များအပေါ် အကျိုးသက်ရောက်မှု ရှိစေသည်။ ထို့ပြင် ကျွန်ုပ်တို့၏ ကိုယ်ပိုင် စီရင်ဆုံးဖြတ်မှုသည်လည်း ကျွန်ုပ်တို့၏ အမွေဆက်ခံမှုနှင့် ပစ္စုပ္ပန် လူ့အဖွဲ့အစည်းတို့၏ ဩဇာကို ကွင်းဆက်မပြတ်အောင် ဆက်လက်ပံ့ပိုးပေးသည်။

အဆိုပါ အပြန်အလှန် ထိတွေ့ဆက်ဆံမှုဆိုင်ရာ မောင်းနှင်အားများကို ထည့်စဉ်းစားလျက် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို စနစ်ကျဓမ္မပညာသီးသန့် ဝေါဟာရများကအားပေးမြှင့်တင်ခြင်း၊ ဟန့်တားခြင်းပြုနိုင်သည့် နည်းလမ်းအချို့ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို အားပေးမြှင့်တင်ပေးနိုင်သော ပညာရပ်ဝေါဟာရများ အသုံးပြုပုံ အဓိကနည်းလမ်းတစ်ခုကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## အားပေးမြှင့်တင်မှု

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို အားပေးမြှင့်တင်ပေးနိုင်သော ပညာရပ်ဝေါဟာရများအသုံးပြုရာ၌ အကြီးမားဆုံး နည်းလမ်းတစ်ခုအား "ဆက်သွယ်ပြောကြားခြင်း" ဆိုသည့် စကားလုံးတစ်လုံးတည်းဖြင့် အကျဉ်းချုပ်ပေးနိုင်သည်။ စနစ်ကျဓမ္မဗေဒသမားတို့ တိုးချဲ့ဖော်ထုတ်လာကြသည့် သီးသန့် အသုံးအနှုန်းများအား ခရစ်ယာန်တို့ သိရှိ၊ အသုံးချနိုင်လာသည့်အခါ အချင်းချင်း ပိုမိုထိရောက်စွာ ဆက်သွယ်ပြောဆိုလာနိုင်ကြသည်။

တစ်ဖက်တွင် စနစ်ကျဓမ္မပညာဝေါဟာရကို ကျွန်ုပ်တို့သိသောကြောင့် ခရစ်ယာန်အမွေဆက်ခံမှုဖြင့် တစ်ဦးနှင့်တစ်ဦး ပိုမိုထိရောက်စွာ အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်စွမ်းရှိကြသည်။ အတိတ်ကာလ ကျယ်ပြန့်လှသည့် ခရစ်ယာန် စာပေများ၊ ဝေဖန်သုံးသပ်ချက်များ၊ ယုံကြည်ခြင်းဆိုင်ရာ ပြဌာန်းချက်များနှင့် ဝန်ခံချက်များအပါအဝင် ဓမ္မပညာအရေးအသား ရှိသမျှသည် ခရစ်ယာန် ယုံကြည်ချက်များကို အကျဉ်းချုပ်ပေးရာ နည်းလမ်းတစ်ခုအဖြစ် ပညာရပ်ဝေါဟာရများကို အမြဲလို သုံးစွဲကြသည်။ စံနှုန်းအဖြစ်ဆိုရလျှင် စနစ်ကျ ဓမ္မပညာသည် အကြောင်းကိစ္စရပ်များကို အစဉ်အလာအရ ဖော်ပြသည့် ပုံစံများနှင့် ထဲထဲဝင်ဝင် ပတ်သက်သည်။ ထို့ကြောင့် စနစ်ကျဓမ္မပညာဝေါဟာရတို့သည် အတိတ်က ခရစ်ယာန်တို့နှင့် ကျွန်ုပ်တို့ကြား အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်ရန် အကြီးအကျယ် ထောက်ကူသည်။

သာဓကဆိုရလျှင် ဩဂတ်စတင်း၊ အကွိုင်းနပ်စ်၊ လူသာ သို့မဟုတ် ကယ်လဗင်တို့လို အသင်းတော်ခေါင်းဆောင်များ ဘာတွေ သွန်သင်ခဲ့သည်ကို သိရှိရန် သင်စိတ်ဝင်စားပါက အစဉ်အလာ ပညာရပ် စကားရပ်တို့နှင့် သင်ကျွမ်းဝင်ပါက သင့်အတွက် ကောင်းကျိုးကြီးကြီးမားမား ဖြစ်ထွန်းပါလိမ့်မည်။ အသေအချာဆိုရလျှင် အဆိုပါ ပုဂ္ဂိုလ်များ လွန်ပြီးနောက်မှ ဝေါဟာရအများအပြားကို တီထွင်ခဲ့ကြခြင်း ဖြစ်သည်။ သို့သော် မည်သို့ပင်ဆိုစေ သူတို့အရေးအသားများနှင့် ကျွန်ုပ်တို့ကြား နီးနွယ်နေပုံများကို ပညာရပ်ဝေါဟာရတို့က ပေးသည့်အတွက် ထိုသူတို့ထံ ဘုရားရှင် သွန်သင်ခဲ့သည့်အရာများအားဖြင့် ကျွန်ုပ်တို့ အကျိုးရှိနိုင်ကြပေသည်။

အခြားတစ်ဖက်တွင်လည်း ကျွန်ုပ်တို့၏ ပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံမှုသည် ကျွန်ုပ်တို့နှင့် ဝန်းကျင်ရှိသူတို့အကြား ဓမ္မပညာဆိုင်ရာ တူညီဝေါဟာရ မျှဝေသုံးစွဲမှု ရှိသည့်အခါမျိုး၌ အကြီးမားဆုံး အားပေးမြှင့်တင်မှုကို လက်ခံရရှိသည်။

နောက်တစ်ကြိမ် အတန်းထဲ သို့မဟုတ် အသင်းတော် ညီလာခံထဲ သင်ရှိသည့်အခါ ဓမ္မပညာအကြောင်း သင့်သူငယ်ချင်း အပေါင်းအဖော်များပြောဆိုကြသည့်ပုံကို သင်ဂရုစိုက် နားထောင်ကြည့်ပါ။ သူတို့သုံးစွဲနေသည့် စကားရပ်တို့၏ အဓိပ္ပာယ်အပေါ် ပါဝင်ဆွေးနွေးသူချင်း သဘောတူသည့်အခါမျိုးမှာ ပြောဆိုဆွေးနွေးမှု ကောင်းမွန်အဆင်ပြေကြောင်း အလျင်အမြန်ပင် ပေါ်လွင်လာပါလိမ့်မည်။ ထိုသို့မဟုတ်ပါက မွန်းကျပ်သော ဆွေးနွေးမှုသာ ဖြစ်ရပေတော့သည်။

"ဖြောင့်မတ်ရာသို့ ရောက်ခြင်း" စကားရပ်သည် "ယုံကြည်ခြင်းသက်သက်ဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း" ကို ဆိုလိုသည့်အနေနှင့် ပရိုတက်စတင့်အများစု သုံးစွဲခြင်းသည် မကောင်းပါလော။ ဖြောင့်မတ်ရာသို့ ရောက်ခြင်း စကားရပ်ကို ပုံစံအမျိုးမျိုးဖြင့် ကျွန်ုပ်တို့

သုံးခဲ့မည်ဆိုပါက ဆက်သွယ်ပြောဆိုရာ၌ ဖြစ်လာမည့် ပြဿနာများကို သင်စဉ်းစားမိပါသလား။ "သန့်ရှင်းခြင်း" အကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်ပြီး ဘာကို ကျွန်ုပ်တို့ ပြောနေကြောင်း သိနိုင်ခြင်းသည် မကောင်းပါလော။ ကျွန်ုပ်တို့ ဘာကို ဆိုလိုကြောင်း မေးခွန်းမရှိဘဲနှင့်"ခရစ်တော် နှိမ့်ချမှုခံယူခြင်း" အကြောင်းနှင့် "ခရစ်တော် ချီးမြှောက်မှုခံယူခြင်း" အကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်ခြင်းက အပြုသဘော ဆောင်ပါမည်လား။ ပညာရပ်ဝေါဟာရတို့ကို ကျွန်ုပ်တို့သိပြီး ပိုမို မျှဝေသုံးစွဲလေလေ အချင်းချင်းထံ ပိုမိုထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်လေလေ ဖြစ်သည်။

စနစ်ကျဓမ္မပညာသီးသန့် ဝေါဟာရတို့သည် အဆိုပါနည်းလမ်းများအပြင် အခြားပုံစံများဖြင့်လည်း ကျွန်ုပ်တို့၏ အပြန်အလှန်ထိတွေ့ဆက်ဆံမှုများကို အားပေးမြှင့်တင်နိုင်သည် မှန်သော်လည်း လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို ဟန့်တားနိုင်သည်များလည်း ရှိနေသည်။

## အဟန့်အတားများ

စနစ်ကျဓမ္မပညာ သီးသန့်ဝေါဟာရများစွာတို့သည် ရှေးကျပြီး ယနေ့ကာလ၌ များစွာ ပြောဆိုဆက်သွယ်နိုင်ခြင်း မရှိတော့ပေ။ အချို့တို့သည် အသင်းတော် ဖခင်များနှင့် အလယ်ခေတ်လောက်အထိ ရှေးကျသည့် ကာလမှ လာခဲ့ကြသည်။ အခြားဝေါဟာရ များစွာမှာမူ အနည်းဆုံး ရာစုနှစ် အချို့ကြာခဲ့ပြီ ဖြစ်သည်။ ယင်းတို့ကို စတင်ဖန်တီးချိန်ကာလ ဆက်သွယ်ပြောဆိုမှု အောင်မြင်ချောမွေ့စေရန် ရည်ရွယ်ကာ ထွင်ခဲ့ကြသော်လည်း ယနေ့ကာလ ဆက်သွယ်ပြောဆိုရန်အတွက် အလွန်ပင် ရှေးကျလွန်းနေပြီ ဖြစ်သည်။ ရလာဒ်အားဖြင့် ရှေးစကားရပ်တို့ကို ကျွန်ုပ်တို့ သင်ယူနိုင်သော်ငြား ကျွန်ုပ်တို့ ဝန်းကျင်ရှိသူများကတော့ သင်ယူကြမည် မဟုတ်သလို လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံရာ၌လည်း အကန့်အသတ်များ ဆိုးဆိုးရွားရွား ရှိနိုင်ပေသည်။

ခရစ်တော်၌ ပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်သော်လည်း ဘုရားဇာတိနှင့် လူ့ဇာတိတို့ တစ်လုံးတစ်ဝဖြစ်ကြောင်း ပြဆိုသည့် ခရစ်တော်၌ သဘာဝနှစ်ပါး၊ အနှစ်သာရ တစ်ခု သွန်သင်ချက် ဟာစ်ပိုစတက်တစ် ယူနီယံ အကြောင်း ရှင်းပြသည့်အခါ ဤပြဿနာကို ကျွန်ုပ် အကြိမ်ကြိမ် တွေ့ခဲ့ဖူးပြီး ဖြစ်သည်။ "ဟာစ်ပိုစတက်တစ် ယူနီယံ" ဆိုသည့် စကားလုံးကို လူအများ သိပင်သိကြပါ၏လော။ "သဘာဝ" နှင့် "ပုဂ္ဂိုလ်" ဆိုသည့် စကားရပ်တို့ကို ကျွန်ုပ်တို့ သိသည်ဟုယူသော် ရနိုင်ကောင်းပါသည်။ သို့သော် ယနေ့ ယင်းစကားရပ်များအား ရှေးခရစ်ယာန်တို့ ဖွင့်ဆိုမှုနှင့် မတူဘဲ အလွန်ကွဲပြားသည့်အရာတစ်ခု အဖြစ် ကျွန်ုပ်တို့ ဖွင့်ဆိုမှုများ ရှိနေကြသည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရတို့နှင့် ကျွန်ုပ်တို့ ကျွမ်းဝင်ရင်းနှီးလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း ဆက်ဆံမှုများကို ယင်းတို့က ဟန့်တားနိုင်ကြောင်း သိမှတ်ရန်လည်း ကျွန်ုပ်တို့ ဂရုပြုကြရပါမည်။

ခရစ်ယာန် အသက်ရှင်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုများအတွင်း ပညာရပ်ဝေါဟာရများ အသုံးပြုပုံ နည်းလမ်းအချို့ကို တွေ့ပြီးသည့်နောက်

တတိယမြောက် အဓိက ဓမ္မပညာ အရင်းအမြစ်ဖြစ်သည့် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းဆီသို့ လှည့်ကြပါစို့။ စနစ်ကျဓမ္မပညာထဲက သီးသန့်စကားလုံးများနှင့် စကားစုတို့သည် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ အနက်ဖွင့်မှုအပေါ် မည်သည့် အကျိုးသက်ရောက်မှု ရှိစေပါသနည်း။

# သမ္မာကျမ်းစာ အနက်ဖွင့်ခြင်း

သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းသည် ဓမ္မပညာတည်ဆောက်မှုအတွက် အရေးပါသည်။ အကြောင်းမှာ ၎င်းသည် သမ္မာကျမ်းထဲက ဘုရားသခင် အထူးဖွင့်လှစ်ဖော်ပြချက်ထံ ကျွန်ုပ်တို့ဝင်ရောက်ရာ တိုက်ရိုက်အကျဆုံးလမ်းပေါက် ဖြစ်သောကြောင့်ပေတည်း။ သမ္မာကျမ်း အနက်ဖွင့်ရန် အသင်းတော်ကို သန့်ရှင်းသော ဝိညာဉ်တော်က ကူညီမစရာ အဓိကနည်းလမ်း ၃ ခုကို စဉ်းစားခြင်းသည် အထောက်အကူဖြစ်စေကြောင်း နောက်သင်ခန်းစာထဲမှာ ကျွန်ုပ်တို့ အကြံပြုထားပါသည်။ အဆိုပါ ကျယ်ပြန့်သည့် အတန်းအစားသတ်မှတ်ချက်များအား စာပေအရေးအသား ဆန်းစစ်မှု၊ သမိုင်းနောက်ခံဆန်းစစ်မှု၊ အာဘော် ဆန်းစစ်မှု ဟူ၍ ခေါ်ဆိုထားပါသည်။ ပထမအားဖြင့် စာပေအရေးအသားဆန်းစစ်မှုက ကျမ်းစာအား ကျမ်းရေးသူလူသားတို့ ဘုရားသခင့် မှုတ်သွင်းခြင်းအောက်၌ သူတို့၏ မူလပရိသတ်အပေါ် ဩဇာလွှမ်းရန် ရည်ရွယ်ချက်နှင့် သူတို့၏ မတူထူးခြားသည့် စာပေစရိုက်လက္ခဏာများအားဖြင့် ဒီဇိုင်းချထားရာ ပန်းချီကားတစ်ချပ် (ဝါ) အနုပညာတင်ဆက်မှုအဖြစ် ကြည့်ရှုသည်။ ဒုတိယအားဖြင့် သမိုင်းနောက်ခံ ဆန်းစစ်မှုက သမ္မာကျမ်းစာအား အမှားအယွင်းမရှိ ၎င်း မှတ်တမ်းတင်ထားသည့် ရှေးသမိုင်းအဖြစ်အပျက်များထဲမှ လေ့လာသင်ယူသည့်နည်းလမ်း (ဝါ) သမိုင်းကို ကြည့်ရှုရာ ပြတင်းပေါက် တစ်ခုအဖြစ် ကြည့်ရှုသည်။ တဖန် တတိယအားဖြင့် အာဘော် ဆန်းစစ်မှုက ကျမ်းစာအား ကျွန်ုပ်တို့ စိတ်ဝင်စားသည့် မေးခွန်းများ၊ အကြောင်းအရာ ခေါင်းစဉ်များ အပေါ် ထင်ဟပ်သည့် နည်းလမ်း (ဝါ) ကြေးမုံပြင်တစ်ချပ် အဖြစ် သဘောထားသည်။ သမ္မာကျမ်းကို ကျွန်ုပ်တို့ အနက်ဖွင့်သည့်အခါတိုင်း အတိုင်းအတာတစ်ခုမဟုတ် တစ်ခုအထိ အဆိုပါ ဆန်းစစ်မှု သုံးခုလုံးနှင့် ကျွန်ုပ်တို့ လုပ်ဆောင်သည်။ အကြောင်းမှာ ယင်းတို့အချင်းချင်း အလွှန်ပင် အပြန်အလှန် မှီခိုထောက်မနေကြသောကြောင့် ဖြစ်သည်။ အပြန်အလှန် မှီခိုထောက်မနေသည့် ကွန်ရက်မျိုးစုံကိုလည်း သူတို့ ဖွဲ့စည်းတည်ဆောက်ထားကြသည်။ သို့တစေ ကျွန်ုပ်တို့ လိုအပ်ချက်နှင့် ရည်ရွယ်ချက်များအရ အချိန်အခါ သင့်လာသည့်အခါ အခြားနည်းများစွာထဲက တစ်ခုခုကို ကျွန်ုပ်တို့ ရွေးချယ်အလေးပေးကြရသည်။

အခြားသော အနက်ဖွင့် နည်းဗျူဟာများနှင့်စာလျှင် စနစ်ကျဓမ္မပညာသည် သမ္မာကျမ်းစာအပေါ် အာဘော်အရ ချဉ်းကပ်လေ့လာသည့်နည်းများကို ပိုမိုအသုံးချသည်။ သူတို့အဖို့ အထူးသီးသန့်သဘောဆောင်သည့် အာဘော်များနှင့် ခေါင်းစဉ်များအပေါ် သမ္မာကျမ်းစာ သွန်သင်ချက်တို့ကို ရှာတွေ့ဖို့ စနစ်ကျဓမ္မဗေဒသမားတို့ အားထုတ်ကြသည်။ တနည်းဆိုရလျှင် စနစ်ကျဓမ္မဗေဒသမားတို့သည် သီးသန့် ဩဝါဒသွန်သင်ချက်နှင့် ဆက်နွယ်သည့် မေးခွန်းများဖြင့် ကျမ်းစာကို လေ့လာကြသည်။

"ဘုရားသခင်အကြောင်း ကျမ်းစာက ဘာပြောသလဲ" "လူသားမျိုးနွယ်အကြောင်းကော ဘာပြောသလဲ" "ကယ်တင်ခြင်းအကြောင်းကော ဘာပြောထားသလဲ" ဆိုသည့် မေးခွန်းမျိုးများကို သူတို့မေးကြသည်။ နေရာအနှံ့ရှိ ကျမ်းပိုဒ်များစွာတို့မှ အချက်အလက်များကို ရယူစုစည်းကာ သူတို့မေးခွန်းများအတွက် သမ္မာကျမ်းအဖြေကို ရှာတွေ့နိုင်ဖို့ ကျမ်းစာကို သူတို့ စစ်ဆေးကြည့်ရှုကြသည်။ ဤလုပ်ငန်းစဉ်အတွင်း စနစ်ကျဓမ္မဗေဒသမားတို့ ရင်ဆိုင်ရသည့် အကြီးမားဆုံးစိမ်ခေါ်ချက်တစ်ခုမှာ သူတို့မေးခွန်းများအပေါ် ဝေဖန်သုံးသပ်မှုပြုပေးသည့် ကျမ်းစာအပိုင်းကဏ္ဍသည် မည်သည့်ကျမ်းချက်များဖြစ်သည်ကို သတ်မှတ်ဆုံးဖြတ်ရခြင်းပင် ဖြစ်သည်။ "ဤကျမ်းချက်သည် ဤသွန်သင်ချက်အကြောင်း ဖြေရှင်းပေးပါသလား" "ထိုကျမ်းချက်၌ ဤခေါင်းစဉ်၊ ထိုခေါင်းစဉ်အကြောင်း ပြောဆိုထားတာ ရှိပါသလား" တစ်ခါတစ်ရံ၌ ကျမ်းပိုဒ်တစ်ခုခုကို ရွေးချယ်ရခြင်းသည် သိသာထင်ရှားသော်လည်း အခါများစွာတွင် ထိုမျှလောက် မသိသာလှပေ။ သို့ဖြစ်ပါက စနစ်ကျဓမ္မပညာရှိ ပညာရပ်ဝေါဟာရသည်လည်း ဤလုပ်ငန်းစဉ်ထဲတွင် ရှုပ်ထွေးခက်ခဲစေသည့် အကြောင်းအချက်တစ်ခု ဖြစ်ရတော့သည်။

မည်သို့မည်ပုံ ဤကဲ့သို့ ဖြစ်ရကြောင်း နားလည်ရန်အတွက် စကားရပ်များနှင့် သမ္မာကျမ်းစာ သဘော အယူအဆများအကြား ဆက်နွယ်မှုသည် အလွန်ပင် ခက်ခဲရှုပ်ထွေးကြောင်း ကျွန်ုပ်တို့ အမှတ်ရနေဖို့ လိုပါသည်။ အခြားအရာများစွာအနက် သမ္မာကျမ်းစာထဲက စကားရပ်များစွာသည် သဘောအယူအဆ တစ်ခုတည်းကို ဖော်ပြနိုင်သည်။ ထို့အတူ စကားရပ်တစ်ခုတည်းကလည်း သဘောအယူအဆများစွာကို ဖော်ပြနိုင်နေပြန်သည်။ အဆိုပါ အမျိုးစုံလင်လှသောနှီးနွယ်မှုများသည် သမ္မာကျမ်းစာအတွင်း တနေရာနှင့် တနေရာ မတူခြားနားနေရကား တခါတရံ အတော်ပင် ရှုပ်ထွေးကြသည်။ သို့သော် ၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် စနစ်ကျဓမ္မပညာရှင်တို့သည် အဆိုပါ ဝိဝါဒကွဲပြားနိုင်သည့် ပုံစံများကို ရှောင်ရှားနိုင်ရန် ပညာရပ်ဝေါဟာရတို့ကို ချဲ့ထွင် ဖန်တီးခဲ့ကြခြင်း ဖြစ်သည်။ အထူးသီးသန့် အဓိပ္ပာယ်ဖွင့်ထားသည့် စကားရပ်တို့ကို သူတို့ ထွင်ထားကြရကား စကားရပ်တစ်ခုသည် ဓမ္မပညာဆိုင်ရာ သဘောအယူအဆ တစ်ခုကိုသာ ဖော်ပြရန် ရည်ရွယ်ချက်ရှိသည်။ ဤသဘောအရ စနစ်ကျ ဓမ္မပညာ၌ စကားရပ်နှင့် သဘောအယူအဆတို့ကြား တစ်လုံးချင်း အလိုက် ဆက်နွယ်တူညီမှု တစ်ခု ရှိနေရသည်။

သို့သော် စနစ်ကျဓမ္မပညာအတွင်း စကားရပ်များနှင့် သမ္မာကျမ်းစာထဲက သဘောအယူအဆတို့အကြား ဤကွဲပြားခြားနားမှုသည် အလွန်ပင် အရေးကြီးလှသည့် အကဲဖြတ်မှုတစ်ခုစီသို့ ရောက်ရှိလာစေသည်။ ဝေါဟာရ အဆင့်တွင် စနစ်ကျဓမ္မဗေဒသမားတို့သည် ဝေါဟာရဆိုင်ရာ လွတ်လပ်ခွင့်ကို သုံးကြသည်။ သူတို့၏ ဓမ္မပညာ ဖော်ပြချက်ကို သမ္မာကျမ်းဖော်ပြချက်များနှင့် ကိုက်ညီအောင် သူတို့ မရှာကြံကြပေ။ ထိုအစား စနစ်ကျဓမ္မဗေဒသမားတို့သည် သမ္မာကျမ်း စကားရပ်တို့ကို သူတို့နည်း သူတို့ဟန်ဖြင့် သုံးလိုက်ကြသည်။ သမ္မာကျမ်းပြင်ပ စကားရပ်များကိုလည်း သူတို့ အသုံးချပြီး သမ္မာကျမ်းစကားရပ်များနှင့် ပြင်ပစကားရပ်များအား တွဲဖက်ပေးမှုကိုပင် ပြုကြသေးသည်။

သို့သော် တစ်ချိန်တည်းတွင် သဘောအယူအဆ အဆင့်၌ စနစ်ကျဓမ္မဗေဒသမားကောင်းတို့သည် သမ္မာကျမ်း သဘောအယူအဆနှင့် ကိုက်ညီမှုရှိအောင် အမြဲတစေ ရှာကြံကြသည်။

သမ္မာကျမ်းကသွန်သင်သော အယူအဆများကို နားလည်အောင် သူတို့ အားထုတ်ပြီး သူတို့၏ ကိုယ်ပိုင် ဝေါဟာရများအားဖြင့် ရှင်းလင်းတင်ပြသည်။ ဝေါဟာရပိုင်းတွင် လွတ်လပ်စွာ ရွေးချယ်ကြသော်လည်း သဘောအယူအဆပိုင်း ကိုက်ညီရန်အတွက် စနစ်ကျဓမ္မဗေဒသမားတို့ ပန်းတိုင်ထားရှိကြသည်။

စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရတို့သည် အဘယ်ကြောင့် ကျွန်ုပ်တို့၏ သမ္မာကျမ်း အနက်ဖွင့်မှုအား အားပေးမြှင့်တင်ခြင်း၊ ဟန့်တားခြင်း နှစ်မျိုးလုံးကို ဖြစ်စေနိုင်ကြောင်း ဤအခြေခံ ကွဲပြားမှုက ကျွန်ုပ်တို့ကို မြင်လွယ်စေသည်။ တစ်လုံးတည်းဖြင့်လိုရင်းဆိုရလျှင် ဝေါဟာရဆိုင်ရာလွတ်လပ်မှုနှင့် သဘောအယူအဆပိုင်းဆိုင်ရာ ကိုက်ညီမှုတို့အကြား ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစားသည့်အခါ သီးသန့်ခေါင်းစဉ်တစ်ခုအတွက် ကျွန်ုပ်တို့၏ ကျမ်းမှန် ရွေးချယ်နိုင်စွမ်းသည် အကြီးအကျယ် အားပေးမြှင့်တင်ခံရသည်။ သို့သော် ၎င်းကို မေ့ထားသည်ဆိုပါက ကျွန်ုပ်တို့၏ လျောက်ပတ်စွာ ရွေးချယ်နိုင်စွမ်းသည် အကြီးအကျယ် ဟန့်တားခံရတော့သည်။ စနစ်ကျဓမ္မပညာအတွင်း ဝေါဟာရဆိုင်ရာ လွတ်လပ်မှုနှင့် သဘောအယူအဆဆိုင်ရာ ကိုက်ညီမှုကို နားလည်ခြင်းက ကျွန်ုပ်တို့ သမ္မာကျမ်း အနက်ဖွင့်မှုအပေါ် ထောက်ကူပံ့နည်းလမ်း တစ်ခုကို ဦးစွာ စဉ်းစားကြည့်ကြပါစို့။

## အားပေးမြှင့်တင်မှု

အကြောင်းမလှစွာပင် သမ္မာကျမ်း အနက်ဖွင့်သူများစွာသည် မကြာခဏဆိုသလိုပင် ထိန်းချုပ်လွန်းရာရောက်သည့် ပုံစံဖြင့် အလုပ်လုပ်ကြသည်။ အကြောင်းအရာအရ သူတို့ ဖော်ထုတ်ထားသည့် ပညာရပ်ဝေါဟာရကို ကျမ်းချက်တစ်ခုမှာ သုံးထားမှသာလျှင် ယင်းကျမ်းပိုဒ်သည် ဓမ္မသဘောအယူအဆတစ်ခုအကြောင်း ပြောဆိုသည်ဟု သူတို့ မှားယွင်းယူဆသည်။ သူတို့၏ သီးသန့် ဓမ္မဝေါဟာရ (ဝါ) စနစ်ကျဓမ္မပညာအတွင်း အမြဲပညာရပ်ဆန်သော ဖော်ပြချက်သည် ကျမ်းချက်တစ်ခု၌ မပါရှိပါက ထိုကျမ်းချက်ကို သူတို့မစဉ်းစားတော့ပဲ မှားယွင်းဖယ်ထုတ်လိုက်ကြသည်။

အမှန်တွင် စနစ်ကျဗေဒသမားတို့သည် ကျမ်းစာကို လေ့လာဖော်ထုတ်ရာ၌ အလွန်အမင်းထိန်းချုပ်ခြင်းမျိုး မရှိရဘဲ အထိုက်အလျောက် ရွေးချယ်သမှု ပြုတတ်ရမည် ဖြစ်သည်။ သမ္မာကျမ်းရေးသူတို့သည် အကြောင်းအရာများစွာအား စကားရပ်အမျိုးမျိုးနှင့် ဖော်ပြတတ်ကြောင်း သူတို့ ပြန်အမှတ်ရလျှင် ထိုသို့ လုပ်ဆောင်နိုင်ကြပါလိမ့်မည်။ စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရများနှင့် သူတို့၏ ဖော်ပြချက်များ ကိုက်ညီမှု မရှိသည့်အချိန်မှာပင် ကျမ်းရေးသူတို့သည် အကြောင်းအရာတစ်ခု သို့မဟုတ် သဘောအယူအဆတစ်ခုအပေါ် အမြဲလို ဝေဖန်သုံးသပ်မှု ပြုလေ့ရှိကြသည်။ ဤအကြောင်းကြောင့်ပင် စဉ်းစားနေသည့် ခေါင်းစဉ်တစ်ခု၏ အချက်အလက်များအတွက် စနစ်ကျဗေဒသမားတို့ ကျမ်းစာဖက် လှည့်သည့်အခါ စကားလုံးအချို့ကိုသာ ကွက်၍ ကြည့်ခြင်းဖြင့် အထိန်းအချုပ်လွန်ကဲခြင်းမျိုး မရှိရလေအောင် ဂရုစိုက်ကြရမည် ဖြစ်သည်။ ထိုအစား သဘောအယူအဆများအတွင်း ပတ်သက်စပ်လျဉ်းမှု ရှိသည့် ကျမ်းချက်များကို သူတို့ ရှာဖွေဖော်ထုတ်ကြရမည် ဖြစ်သည်။

သာဓကအားဖြင့် ဤသင်ခန်းစာထဲတွင် ဒုတိယမွေးခြင်း ဩဝါဒ သို့မဟုတ် သဘောအယူအဆကို ဖော်ပြရာတွင် သမ္မာကျမ်းစာက စကားရပ်များစွာကို အသုံးပြုထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဖြစ်သည်။ တိတု ၃း၅ ၌သာလျှင် "ဒုတိယမွေးခြင်း" ဆိုသည်မှာ လူတစ်ဦး ဝိညာဉ်သေနေရာမှ ခရစ်တော်၌ အသက်ရှင်ခြင်းသို့ ကနဦး ပြောင်းလဲခြင်းကို ခေါ်ဆိုကြောင်း ပါရှိသည်။ သို့သော် သူတို့၏ ပညာရပ်ဝေါဟာရအား အခြားမည်သည့်နေရာတွင်မျှ သုံးမထား၍ ဤကျမ်းတစ်ချက်တည်းမှာသာ စနစ်ကျဓမ္မဗေဒသမားတို့ ကန့်သတ်လိုက်မည်ဆိုလျှင် သမ္မာကျမ်း အနက်ဖွင့်မှုထဲက ဤခေါင်းစဉ်အကြောင်း သူတို့များများစားစား သင်ယူနိုင်ကြမည် မဟုတ်ပေ။ လူတစ်ဦး သေခြင်းမှ ခရစ်တော်၌ ရှင်ခြင်းသို့ ကနဦးကူးပြောင်းရောက်ရှိမှုအကြောင်း သမ္မာကျမ်းစာသွန်သင်ချက်အား ဒုတိယမွေးခြင်း စကားရပ်တစ်ခုတည်းနှင့် ကန့်သတ်မထားပါ။ "လူသစ်" "အထက်အရပ်မှ မွေးဖွားခြင်း" "ဒုတိယမွေးဖွားခြင်း" မှစ၍ အခြားဖော်ပြချက်များစွာကို အသုံးပြုကာ အလားတူ ဩဝါဒသွန်သင်ချက်အား ကျမ်းစာက ရှင်းပြထားသည်။ "လူသစ်" ဆိုသည့် အသုံးအနှုန်းပါသည့် ကျမ်းချက်များအား သီးသန့် ဩဝါဒသွန်သင်ချက်အဖြစ် အတန်းအစား သတ်မှတ်ဖော်ပြရန် မလိုအပ်ပါ။ "အထက်အရပ်မှ မွေးဖွားခြင်း" သို့မဟုတ် "ဒုတိယမွေးခြင်း" အသုံးအနှုန်းပါသည့် ကျမ်းချက်များအားလည်း အလားတူ သတ်မှတ်ဖို့ မလိုအပ်ပါ။ ယင်းတို့အားလုံးသည် တူညီသော ဓမ္မပညာဆိုင်ရာအကြောင်းအရာ တစ်ခုတည်းကိုသာ ပြောဆိုနေကြပါသည်။ အမှန်စင်စစ် သီးသန့် စကားလုံး သို့မဟုတ် စကားစုကိုပင် သုံးမထားပဲ ဤခေါင်းစဉ်၊ သဘောအယူအဆအကြောင်း ပြောဆိုသည့် ကျမ်းချက်များလည်း ရှိနေကြသည်။ ဝေါဟာရပိုင်းတွင် သူတို့လွတ်လပ်စွာ ရွေးချယ်ကြကြောင်း သို့သော် ကျမ်းစာနှင့် ကိုက်ညီသော သဘောအယူအဆကိုသာ သူတို့ရှာဖွေကြောင်း စနစ်ကျဓမ္မပညာရှင်တို့ အမှတ်ရကြသည့်အခါ မည်သည့်ကျမ်းပိုဒ်မျိုးထဲမှမဆို ဒုတိယမွေးခြင်းအကြောင်း သူတို့ သင်ယူနိုင်ကြမည် ဖြစ်သည်။ ကနဦး ပြောင်းလဲမှုအကြောင်း ကျမ်းစာသွန်သင်ချက်ကို သူတို့ရှာဖွေသည့်အခါ ကျမ်းစာက မည်သည့်ပုံစံ ဖော်ပြထားသည်ဖြစ်စေ ပိုမိုခြုံငုံမိလာနိုင်ကြမည်ဖြစ်သည်။

## အဟန့်အတားများ

စနစ်ကျဓမ္မပညာ၌ ဝေါဟာရဆိုင်ရာလွတ်လပ်မှုနှင့် သဘောအယူအဆဆိုင်ရာကိုက်ညီမှုတို့ကို ထည့်သွင်းစဉ်းစားမှုသည် အနက်ဖွင့်ခြင်းကို အားပေးမြှင့်တင်နိုင်သည် မှန်သော်လည်း ယင်းကို မေ့ထားပါက ကျမ်းစာအနက်ပြန်မှုကို ဟန့်တားစေပြန်သည်။ ဤအချက် မှန်ကန်ပုံကို ပြဆိုရန် နည်းများစွာ ရှိသော်လည်း ပညာရပ်ဝေါဟာရများက အနက်ဖွင့်မှုအပေါ် ဟန့်တားရာ၌ အဖြစ်အများဆုံးပုံစံမှာ ကျွန်ုပ်တို့ အခေါ် "ယေဘုယျပြုမှု လွန်ကဲခြင်း" ဖြစ်သည်။

"ယေဘုယျပြုမှုလွန်ကဲခြင်း" ဆိုသည်မှာ စနစ်ကျဓမ္မပညာ၌ ပညာရပ်ဝေါဟာရများကြောင့် ဖြစ်ရသည့် အနက်ဖွင့်မှု ဆိုင်ရာ ပြဿနာများအနက် အကျယ်ပြန့်ဆုံး ဖြစ်ပေါ်သည့် ပြဿနာတစ်ခု ဖြစ်သည်။ ၎င်းသည် ယခုလို ပုံစံနှင့် ဖြစ်ပေါ်သည်- စနစ်ကျဓမ္မ၏ သီးသန့်ဝေါဟာရများကို သင်ယူပြီး အကျိုးထူးပုံကို ကျောင်းသားတို့ တွေ့သည့်အခါ ကျမ်းစာအတွင်း ထိုအသုံးအနှုန်း တွေ့ရာနေရာတိုင်းမှာ သူတို့၏ ပညာရပ်ဆိုင်ရာ ဖွင့်ဆိုချက်အတိုင်း အမြဲလို ထည့်သွင်း ပြန်ဆိုစပြုတော့သည်။ စကားလုံး တစ်ခု တွေ့ရာ ကျမ်းပိုဒ်တိုင်းသည် တူညီသော ဓမ္မအကြောင်းအရာ သို့မဟုတ် ဩဝါဒတစ်ခုကို ပြောဆိုကြောင်း သူတို့ မှားယွင်း ယူဆကြတော့သည်။

သို့သော် ဝေါဟာရပိုင်းဆိုင်ရာ လွတ်လပ်မှုကို သုံးသော်လည်း သဘောအယူအဆပိုင်း ကိုက်ညီမှုကိုသာ စနစ်ကျသမားတို့ ရှာကြကြောင်း ကျွန်ုပ်တို့ အမှတ်ရသည့်အခါ "ယေဘုယျပြုမှုလွန်ကဲခြင်း" ကို ကျွန်ုပ်တို့ ရှောင်ရှားပြီး လျောက်ပတ်သည့် ရွေးချယ်မှုကို ကျွန်ုပ်တို့ လုပ်နိုင်သည်။ တနည်းဆိုလျှင် စဉ်းစားနေသည့် ခေါင်းစဉ်၊ ဩဝါဒကို အမှန်တကယ် ဆွေးနွေးပြောဆိုသည့် ကျမ်းစာကဏ္ဍများကို ရွေးချယ်နိုင်ရန် ကျွန်ုပ်တို့ ပိုမိုကောင်းမွန်စွာ အသင့်ပြင်ဆင်မှု ရှိကြလိမ့်မည် ဖြစ်သည်။

"ဖြောင့်မတ်ရာသို့ ရောက်ခြင်း" စကားရပ်အကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့သမျှကို သာဓကယူကြည့်ပါ။ "ဖြောင့်မတ်ရာသို့ရောက်ခြင်း" စကားရပ်သည် အစဉ်အလာ ပရိုတက်စတင့် ဓမ္မပညာ၌ လူတစ်ဦး ယေရှုကို ယုံကြည်သဖြင့် ခရစ်တော်၏ ဖြောင့်မတ်ခြင်းအား ထိုသူ့ထံယိုးစွပ်မှတ်ယူသည့်အချိန်တွင် ပညတ်တရား၏ အကျင့်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းသက်သက်အားဖြင့် ဖြောင့်မတ်ကြောင်း ကနဦး ကြေညာချက် သဘောအယူအဆကို ရည်ညွှန်းသည်။ သို့သော် ဖြောင့်မတ်ရာသို့ရောက်ခြင်း ၏ ပညာရပ်ဆိုင်ရာ ဖွင့်ဆိုချက်သည် စနစ်ကျဓမ္မပညာ၌ ပေါ်လွင်လွန်းရကား "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" သို့မဟုတ် *ဒီကိုင်ယိုအိုး* စကားလုံး ပါသည့် ကျမ်းချက်တိုင်းသည် တူညီသော ဩဝါဒသွန်သင်ချက်ကိုသာ ဖော်ပြသည်ဟု အလွယ်ယူစရာ ဖြစ်လာသည်။ ထို့ကြောင့် အနက်ဖွင့်သူများသည် ထိုအဓိပ္ပာယ်မထွက်သော ကျမ်းချက်များအပေါ်မှာပါ သူတို့၏ ပညာရပ်ဝေါဟာရ ဖွင့်ဆိုချက်အတိုင်း အဓမ္မ ဖွင့်ဆိုကြတော့သည် သို့တည်းမဟုတ် ဖြောင့်မတ်ရာသို့ ရောက်ခြင်း၏ အစဉ်အလာဖွင့်ဆိုချက်ကို သူတို့မှားယွင်းရွေးချယ်ထားသည့် ကျမ်းပိုဒ်များနှင့် ကိုက်ညီအောင် ပြုပြင် ပြောင်းလဲလိုက်ကြတော့သည်။ ယာကုပ် ၂း၁၄ တွင် "ဖြောင့်မတ်ရာသို့ရောက်ခြင်း" သို့မဟုတ် ဒီကိုင်ယိုအိုး အား အစဉ်အလာ စနစ်ကျဓမ္မပညာမှာလာသည်နှင့် ကွဲလွဲစွာ အသုံးပြုထားကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ အကြောင်းမလှစွာပင် ဓမ္မပညာရှင် အချို့တို့က "ဖြောင့်မတ်ရာသို့ ရောက်ခြင်း" စကားရပ် ဤကျမ်းပိုဒ်ထဲပါနေသောကြောင့် ၎င်းသည် စနစ်ကျဓမ္မပညာအရ ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်း ဆွေးနွေးချက်ဖြစ်သည်ဟု တွေးခေါ် ကြသည်။ အကျိုးရလာဒ်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း ဩဝါဒသွန်သင်ချက်အား ကျမ်းစာထဲက အခြားသော စကားရပ်အသုံးများနှင့် သူတို့ ရှုပ်ထွေးမိကြတော့သည်။

သို့သော် ရှင်ယာကုပ်အား စကားလုံးအဆင့် သက်သက်မှာ မဟုတ်ဘဲ သဘောအယူအဆအဆင့်၌ ကျွန်ုပ်တို့ နားလည်ရန် လိုအပ်ပါသည်။ "ဖြောင့်မတ်ရာသို့ ရောက်ခြင်း' စကားလုံးက ဤနေရာမှာ၊ သို့မဟုတ် အခြားသော ကျမ်းပိုဒ်များမှာ ပါရှိမှုနှင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းဆိုင်ရာ စနစ်ကျဓမ္မပညာသွန်သင်ချက်အရ သက်ရောက်မှုရှိစေဖို့ လုံးလုံး ခွင့်ပြုရမည့် အဓိပ္ပာယ်မျိုး မဟုတ်ပါ။

ဝေါဟာရဆိုင်ရာ လွတ်လပ်မှုကို စနစ်ကျဓမ္မဗေဒသမားတို့ ကျင့်သုံးပြီး ကျမ်းစာနှင့်ညီသော သဘောအယူအဆကိုသာ ရှာကြသည့်အတွက် ကျမ်းစာထဲက စကားရပ်တို့၏ စုံလင်များပြားသော အသုံးဝင်မှုကို မလျော့ပေါ့မိစေဖို့ ကျွန်ုပ်တို့ ဂရုပြုကြရပါမည်။ ထိုသို့ပြုခြင်းသည် ကျွန်ုပ်တို့၏ အနက်ဖွင့်ခြင်းကို အကြီးအကျယ် ဟန့်တားရာရောက်ပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သို့ဖြစ်၍ စနစ်ကျဓမ္မပညာ၏ ပညာရပ်ဝေါဟာရတို့သည် ဓမ္မပညာ အရင်းအမြစ် သုံးခုလုံးကို ကျွန်ုပ်တို့ အသုံးပြုရာ၌ အားပေးမြှင့်တင်ခြင်း ရှိသလို ဟန့်တားခြင်းလည်း ရှိသည်။ ပညာရပ်ဝေါဟာရတို့သည် ခရစ်ယာန် အသက်ရှင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု၊ သမ္မာကျမ်းစာ အနက်ဖွင့်မှုတို့အတွက် တန်ဖိုးရှိကြသည်။ သို့သော် အဆိုပါ ဓမ္မပညာ အရင်းအမြစ်တို့ကို ကျွန်ုပ်တို့ အသုံးချရာ၌ ရှောင်ရှားကြရမည့် ဘေးအန္တရာယ်များကိုလည်း ယင်းတို့က ဆောင်ကြဉ်းလာတတ်ကြသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် စနစ်ကျဓမ္မ ပညာရပ်ဝေါဟာရများ၏ ရှုထောင့်မျက်နှာစာ အတော်များများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။ ယင်းတို့ ဘာတွေ ဖြစ်ကြသည်၊ စနစ်ကျဓမ္မဗေဒ တည်ဆောက်မှုလုပ်ငန်းစဉ်တစ်ခုလုံး၌ မည်သည့်ကဏ္ဍမှာ အံဝင်ခွင်ကျနေသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးကျွမ်းဝင်ခဲ့ကြပြီး ဖြစ်သည်။ သူတို့၏ အထူးသီးသန့် ပညာရပ်ဝေါဟာရများကို စနစ်ကျဓမ္မဗေဒသမားတို့က မည်သို့ ဖွဲ့စည်းတည်ဆောက်ယူကြသည် ဆိုသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် လက်ရှိသုံးစွဲနေသည့် ပညာရပ်ဝေါဟာရများ၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံ သာဓက အချို့တို့ကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။

စနစ်ကျဓမ္မပညာတည်ဆောက်ရေး အကြောင်း ဤသင်ခန်းစာစာစဉ်အတိုင်း ကျွန်ုပ်တို့ ခရီးဆက်သည့်အခါ ကျွန်ုပ်တို့ လေ့လာခဲ့သမျှ ပညာရပ်ဝေါဟာရတို့၏ ပတ်သက်စပ်ဆိုင်မှုများကို အကြိမ်ကြိမ် ကျွန်ုပ်တို့ တွေ့မြင်ကြရပါဦးမည်။ စနစ်ကျဓမ္မဗေဒ၏ သီးသန့် ဝေါဟာရများကို သင်ယူခြင်းနှင့်လိမ္မာကျွမ်းကျင်စွာ မည်သို့သုံးစွဲရကြောင်း သင်ယူခြင်းတို့သည် ဓမ္မပညာရှင်တစ်ဦး လုပ်နိုင်သည့် အထောက်အကူအဖြစ်ဆုံး အရာတစ်ခုပင် ဖြစ်သည်။ အဆိုပါ ကိစ္စရပ်များတွင် အခိုင်အမာရပ်တည် အခြေပြုလျက် ဘုရားသခင်ကို ချီးမြှောက်၍ သူ့ အသင်းတော်ကို တည်ဆောက်သော စနစ်ကျ ဓမ္မပညာတစ်ခုကို ကျွန်ုပ်တို့ တည်ဆောက်နိုင်ကြမည် ဖြစ်ပေတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။